# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၃၂၄)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


**ကလိမ်စေ့ငြမ်းဆင်၊ ဘုရားပြီးငြမ်းဖျက် မဖြစ်စေလိုပါ**

ဆောင်းပါး စာ - ၆

....................

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ချီးမြှင့်ပေးမှုများ**

ဆောင်းပါး စာ - ၈

....................

**လောကကို သိပ္ပံပညာ၊ နည်းပညာများဖြင့် အလှဆင်ကြရာတွင်...**

ဆောင်းပါး စာ - ၁၀




နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊

*စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း

# ခေတ်မီစံပြကျေးရွာထူထောင်ရာတွင် ကျေးလက်ပြည်သူတို့ တက်ကြွစွာပါဝင်

ခေတ်မီစံပြကျေးရွာ(Smart Village) စီမံကိန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် ကျေးရွာသုံးရွာနှုန်းဖြင့် စုစုပေါင်း ကျေးရွာ ၄၂ ရွာတွင် လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်။ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသများ၌ နေထိုင်လျက်ရှိကြရာ ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျေးလက်နေအများစုသော ပြည်သူများ၏ လူနေမှုပုံစံများမှာလည်း ခေတ်မီတိုးတက်လာနိုင်မည်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတို့တွင် ကျေးရွာစုစုပေါင်း ၆၄၀၀၀ ကျော်ရှိရာ တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် ခေတ်မီစံပြကျေးရွာများမှာ စံနမူနာယူဖွယ်များ ဖြစ်လာမည်ဖြစ်သည်။

ခေတ်မီစံပြကျေးရွာ (Smart Village) များ ထူထောင်ရာတွင် (၁) ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ (၂) သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့်နည်းပညာ ပံ့ပိုးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ (၃) သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး နေချင့်စဖွယ် စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်၊ (၄) ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များကို ကြည့်ခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်မှု၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာမှု၊ ဉာဏ်အမြော်အမြင်ရှိမှုစသော အရည်အသွေးများ ပြည့်စုံခြင်းက ခေတ်မီစံပြကျေးရွာများ ထူထောင်ရာတွင် အရေးကြီးသည့် လိုအပ်ချက်များဖြစ်သည်ကို တွေ့ရှိနိုင်သည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစံပြကျေးရွာများ ထူထောင်ရေးကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ရာတွင် ရေ၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးမွေးမြူလုပ်ငန်းများ အထောက်အကူပြုရေး၊ ကျေးရွာမတည်ရန်ပုံငွေများ ထူထောင်ရေး၊ အသေးစားငွေကြေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ သွင်းအားစုများ ပံ့ပိုးကူညီရေး၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများအပါအဝင် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်စီးပွားမြင့်မားရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

ခေတ်မီစံပြကျေးရွာများ ဖြစ်ထွန်းပေါ်ပေါက်လာသည်နှင့်အမျှ ရွာငယ်ဇနပုဒ်၊ မီးကလေးမှိတ်တုတ်ဘဝမှ လွတ်မြောက်ပြီး မြို့ပြနှင့်ကျေးလက်ကြား ကွာဟချက်များ ကျဉ်းမြောင်းသွားစေကာ ကျေးလက်လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ရာ ကျေးလက်ပြည်သူတို့၏ တက်ကြွစွာပါဝင်ပူးပေါင်းမှုဖြင့် ကျေးရွာဝါဒ ပြောင်းလဲနိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|---|
| (၁) | ဦးစိုးမင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဦးအောင်မင်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် သြဂုတ် ၂၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်ထားရန်ခေါ်ယူ

နေပြည်တော် သြဂုတ် ၂၄

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တိရစ္ဆာန်ဆေးပညာဘွဲ့(DVM) ခြောက်နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(BASc) လေးနှစ်သင်တန်းများ တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာများကို ကိုယ်တိုင်/ကိုယ်စား (သို့မဟုတ်) သင်တန်းရေးရာဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း ဇေယျာသီရိမြို့နယ် နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ stdaffair.uvs@gmail.com သို့ သြဂုတ် ၂၆ ရက်(သောကြာနေ့)မှစ၍ **အောက်တိုဘာ ၁၄ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး** တိုက်ရိုက်လျှောက်ထားနိုင်သည်။

အသေးစိတ်နှင့် လျှောက်လွှာပုံစံများကို မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် သြဂုတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအားဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂–၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂) အား (၅–၉–၂၀၂၂) ရက်နေ့မှ (၁၄–၁၀–၂၀၂၂) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်–၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- `**အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း– ၀၅၄–၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း– ၀၉–၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း –၀၄၂–၂၅၃၇၃၊ ၀၄၂–၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်–၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း– ၀၉– ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

■ *ရှေ့ဖုံးမှ*

ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၊ (၂) နှင့် (၃) တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က တစ်ချက်ချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။






ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ၆ လတာကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ဝန်ကြီးဌာနနှင့် ပတ်သက်သောကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနဆိုင်ရာ အချက်အလက်များကို တင်ပြပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ၊ မိုးရာသီသစ်ပင်စိုက်ပျိုးထားရှိမှု၊ ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် စိုက်ပျိုး/ မွေးမြူထားရှိမှု၊ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်မှု အခြေအနေနှင့် အထွေထွေ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေး ပထမနေ့ကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနဆိုင်ရာ အချက်အလက်များကို တင်ပြပြီး ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ မတ်လအထိ ၆ လ ဘဏ္ဍာရေးကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးအပ်ခဲ့သည့် လမ်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ် ဖြိုးသန့်တို့က ၆ လပတ် ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်

**နေပြည်တော် ဩဂုတ် ၂၄**

ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စုပေါင်းအစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဦးစီးဌာနအသီးသီးအနေဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ ဘာသာရပ်နှင့် နည်းပညာဆိုင်ရာများကို တတ်သိနားလည် ကျွမ်းကျင်စွာဖြင့် တာဝန် ထမ်းဆောင်နိုင်ရေးနှင့် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ မှာကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် နေပြည်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ရက်သတ္တပတ် နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄၃သန်းနှင့် အလုပ်အကိုင် ၂၃၆၉ ဦးအတွက် ဖန်တီးပေး

ရန်ကုန် ဩဂုတ် ၂၄

**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုကို အတည်ပြုပေးခဲ့ပြီး အတည်ပြု ခဲ့သည့် လုပ်ငန်းများမှာ HDPE,PP Woven and Non-woven Bags နှင့် Sacks များ ထုတ်လုပ်၍ ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်း ရောင်းချသည့် ပြည်တွင်းဆန်လုပ်ငန်းများသို့ packing အိတ်များပုံစံရာနှုန်းပြည့် ရောင်းချပေးခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုသော ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်၍ ပြည်တွင်းရှိ CMP အထည်ချုပ် လုပ်ငန်းများသို့ ရောင်းချခြင်းလုပ်ငန်း၊ အလှ္ဘာကပ်ပိတ်မျိုးစုံ ထုတ်လုပ်၍ ပြည်တွင်းရှိ CMP လုပ်ငန်းများသို့ ရောင်းချခြင်းလုပ်ငန်းတို့ဖြစ်သည်။



အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄၃ သန်းဖြစ်ပြီး လုပ်ငန်းလေးခုတို့မှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၃၆၉ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် ကုမ္ပဏီ ၁၂ ခု၏ အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား (ဒုတိယအကြိမ်) ကျင်းပ




နေပြည်တော် ဩဂုတ် ၂၄

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ပိုမိုသိရှိလာနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို ယနေ့နံနက် ၁၀ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်အတွင်းရှိ ချင်း၊ ရှမ်း၊ ကရင်၊ ရခိုင်နှင့် လီဆူ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်စကား ပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့် အပြန်အလှန်အမှီသဟဲပြုနေပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိတို့ရရှိလာမည့် အသိပညာ၊ ဗဟုသုတများနှင့်ယှဉ်၍ တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဟောပြောပို့ချချက်များကို သေချာစွာမှတ်သားပြီး မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိမှန်၊ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းလိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က Perspective on the United Nations: **“Differential Treatment of Different Countries” ကုလသမဂ္ဂနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အချို့ “နိုင်ငံအလိုက် ခွဲခြားဆက်ဆံခြင်း”** ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် UN Instruments များမှာ AID, Sanction, UN Peacekeeping, R2P: Responsibility to Protect, Human Rights Law/ Agreement, Other Human Rights Instrument နှင့် ICJ တို့ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂမှ ထောက်ပံ့မှုများရသော်လည်း ချမ်းသာသောနိုင်ငံ မဖြစ်နိုင်ပါကြောင်း၊ ပိတ်ဆို့မှုပြုလုပ်ခြင်းခံရသည့်နိုင်ငံတိုင်း တိုးတက်မှု မရှိနိုင်ပါကြောင်း၊ သို့ရာတွင် အဆိုပါပိတ်ဆို့ခံရသည့် နိုင်ငံ၏အစိုးရအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုမရှိပါကြောင်း၊ UN Peacekeeping ဆိုသည်မှာ အခြားနိုင်ငံများမှ တပ်သားများအား ငှားရမ်းအသုံးပြုခြင်းဖြစ်ပါကြောင်း၊ R2P: Responsibility to Protect ဆိုသည်မှာ အားနည်းသူများကို ကာကွယ်ပေးရန်ဖြစ်ပါကြောင်း၊ R2P တွင် မျိုးတုံးသတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှုများကျူးလွန်ခြင်း၊ မျိုးနွယ်စုသုတ်သင်ရှင်းလင်းခြင်း၊ လူသားများအပေါ် ရာဇဝတ်မှုများကျူးလွန်ခြင်းတို့ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပို၍အရေးပါပါကြောင်း၊ အဖွဲ့ဝင် ၁၅ နိုင်ငံရှိပြီး အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ၁၀ နိုင်ငံရှိပါကြောင်း၊ ဆုံးဖြတ်ချက်များအပေါ် ဗီတိုအာဏာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က **“စာပေစွမ်းအား၊ ပြည်ထွန်းကား”** ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် စာပေအားဖြင့် တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိနားလည်နိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ရစေပြီး စည်းလုံးညီညွတ်မှုကို ပိုမိုရရှိစေနိုင်ကြောင်းကို ဖတ်ရှုမှတ်သားခဲ့ရသည့် ဝတ္ထု၊ ကဗျာ၊ စာအုပ်စာပေများကို ဘဝအတွေ့အကြုံများနှင့် ကိုးကား၍လည်းကောင်း၊ စာပေဖတ်ခြင်းအားဖြင့် အသိပညာရရှိပြီး ထိုအသိပညာဖြင့် လက်တွေ့ကျကျ ဘဝများကို အသုံးချနိုင်ပါက တစ်ဦးတစ်ယောက်မှ တစ်စုတစ်ဖွဲ့၊ လူ့ဘောင်သစ်၊ နိုင်ငံသစ်နှင့် ငြိမ်းချမ်းရေးသည် လက်တစ်ကမ်းအကွာတွင် ရှိနေပါကြောင်း၊ သို့ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မရနိုင်ပါကြောင်း၊ စာပေထဲမှ ရရှိသည့်အသိဖြင့် အများကောင်းကျိုး၊ လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို စွမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### မေးမြန်းဆွေးနွေး

ယင်းနောက် ဆွေးနွေးဟောပြောမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်

**နေပြည်တော် ဩဂုတ် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

### မြစိမ်းရောင်စီမံကိန်း အောင်မြင်တိုးတက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ (၆) လပတ်ကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က “သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းအနေဖြင့်လည်း အောင်မြင်တိုးတက်မှုများရှိကြောင်း၊ သမဝါယမအသင်းများကို အမှန်တကယ်လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း” ဟု အသိအမှတ်ပြု ပြောကြားခဲ့ပါကြောင်း။



### ပူးပေါင်းကူညီဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဒေသ ကျွဲ၊ နွားမွေးမြူခြင်းအပြင် နို့စားနွားများမွေးမြူပြီး နွားနို့မှ နို့ဆီချက်သည့်အဆင့်အထိ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေရရှိရေး၊ မီးရရှိရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်စေရေးနှင့် ကုန်ထုတ်လုပ်မှုစနစ်များ စနစ်တကျရှိစေရေးတို့အတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်ရန်၊ အကျိုးတူ လယ်ယာစနစ် (Contract Farming) ဆောင်ရွက်မည့် စပါးနှင့် ပဲတီစိမ်းစိုက်တောင်သူများအတွက် လိုအပ်သော မျိုး၊ သွင်းအားစု၊ အရင်းအနှီးများ ရရှိနိုင်ရေး သမဝါယမစနစ်ဖြင့် ဆောင်ရွက်ရန်၊ လက်တွေ့ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်နှင့် မကြာမီ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အောင်မြင်စေရေး အတွက်လည်း မိမိတို့ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအားလုံးက လုပ်ငန်းတာဝန်များ အောင်မြင်ရေး ဌာနအလိုက်၊ နေရာဒေသအလိုက် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ဆောင်ရွက်ခြင်းဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ဟု ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်း ပြည်သူများ စက်သုံးဆီပုံမှန်ဝယ်ယူအသုံးပြုနိုင်ရေး စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဆီဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဩဂုတ် ၂၄**

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ စက်သုံးဆီနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု မဖြစ်ပေါ်စေရေး၊ ပုံမှန်ဝယ်ယူအသုံးပြုနိုင်ရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ပြည်သူများသို့ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေးအတွက် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဆီဆိုင်လုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**စက်သုံးဆီလုံလောက်မှုရှိရေးဆောင်ရွက်**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ရက်ပိုင်းအတွင်း စက်သုံးဆီပြတ်လပ်မည့် မမှန်သတင်း၊ ကောလာဟလများကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ပေါ်ပြီး တန်းစီဝယ်ယူမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ပြည်သူများ နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွားလာလှုပ်ရှားရာတွင်လည်းကောင်း စက်သုံးဆီသည် မရှိမဖြစ်လိုအပ်သည့်အတွက် နိုင်ငံတော်မှလည်း စက်သုံးဆီလုံလောက်မှုရှိစေရေး စီမံဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ စက်သုံးဆီအခက်အခဲကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေရေး၊ စက်သုံးဆီလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ပုံမှန်ရောင်းချနိုင်ရေးအတွက် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း၍ အဖြေရှာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အပြင် တရားမဝင် လုပ်ငန်းများတွင် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်သွားရန်နှင့် အလေးထားလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ပြည်နယ်အတွင်း လအလိုက် စက်သုံးဆီကားများ ဝင်ရောက်မှုအခြေအနေနှင့် ဆီဆိုင်များ စစ်ဆေးကြပ်မတ်နိုင်ရေးနှင့် တရားမဝင်လုပ်ငန်းများတွင် စက်သုံးဆီဖြန့်ဖြူးမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို သုံးသပ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကော်မတီအဖွဲ့ဝင်ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စက်သုံးဆီလုပ်ငန်းရှင်များက စက်သုံးဆီပြတ်လပ်မှုမရှိစေရေး၊ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ရေးနှင့် စစ်ဆေးကြပ်မတ်ခြင်း၊ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည့် အစီအမံများ၊ မြို့များအလိုက် စက်သုံးဆီဝင်ရောက်မှုအခြေအနေနှင့် ရောင်းချပေးနေမှုအခြေအနေများ၊ လုပ်ငန်းရှင်များဘက်မှ စက်သုံးဆီခွဲတမ်းရရှိမှု အခြေအနေ၊ သယ်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ရည်ညွှန်းဈေးနှုန်းသတ်မှတ်ရာတွင် လမ်းခရီးအခက်အခဲ၊ ကားငှားရမ်းခ ဈေးနှုန်းမြင့်မားလာမှုအပေါ် မူတည်၍ ညှိနှိုင်းပေါင်းစပ်ပေးရန် ကိစ္စရပ်များကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါ အစည်းအဝေးခန်းမ၌ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှုပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့မှုများနှင့် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၏ ကူညီလှူဒါန်းမှုမှ ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို မိုးညှင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖားကန့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ငွေများ ထောက်ပံ့ခြင်း၊ ဆန်အိတ်များနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လူတစ်ဦးလျှင် တစ်ပတ်စာဆန်ရိက္ခာဖိုး ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လူဦးရေ ၂၃၁၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၈ သိန်း၊ မြန်မာနိုင်ငံကြက်ခြေနီကြီးကြပ်မှုကော်မတီက ခြုံစောင် ၃၉၄ ထည်၊ ခြင်ထောင် ၁၉၇ လုံး၊ ပစ္စည်းအမျိုးအစား ၁၁ မျိုးပါ လူသုံးကုန်ပစ္စည်းဖာ ၁၉၇ ဖာ၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၉၇ ဖာ၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၉၇ ဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းကောင်းခြင်းတို့ကြောင့် နေကြာသီးနှံအား တိုးချဲ့စိုက်ပျိုးလျက်ရှိ

**မကွေး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁၅/၂၀၂၂)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**



**နေကြာသီးနှံ တိုးချဲ့စိုက်ပျိုး**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းကောင်းခြင်းတို့ကြောင့် နေကြာသီးနှံအား တိုးချဲ့စိုက်ပျိုးလျက်ရှိရာ မိုးနေကြာလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန် ရက်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် သီးသန့်၊ သီးညှပ်စိုက်မည့် ဧရိယာအားလုံး ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း စိုက်ပျိုးပြီးစီးနိုင်ရေး တွန်းအားပေးကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးနေကြာစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိုးဦးတွင် တွေ့ကြုံရသည့် ပြဿနာများကို သင်ခန်းစာယူပြီး မိုးလယ်တွင် မဖြစ်စေရေး အထူးသတိပြုကြပ်မတ် ဆောင်ရွက်ကြရန်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး ကဏ္ဍအနေဖြင့် စိုက်ပျိုးရေရရှိရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ ပိုးမွှားကျရောက်မှုအန္တရာယ် ကာကွယ်ရေးနှင့် နွေစပါးစိုက်တောင်သူများ ယူရီးယား ဓာတ်မြေဩဇာများ ပံ့ပိုးပေးနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ကြရန်၊ မိုးနှောင်းဝါ သတ်မှတ်အထွက်နှုန်း ရရှိရန်အတွက် မျိုးကောင်း မျိုးသန့် သုံးစွဲနိုင်ရေး၊ မြေဩဇာစနစ်တကျ သုံးစွဲရေး၊ တစ်ဧကမှာ ရှိရမည့် အပင်အရေအတွက် ပြည့်မီရေး ဝန်ထမ်းများမှ အောက်ခြေအထိ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် အဓိက ကြုံတွေ့နေရသည့် အခက်အခဲများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးရမည့် အရာများနှင့် ပတ်သက်၍ အချိန်မီ တင်ပြပေးနိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြား ဆောင်ရွက်သည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးက တိုင်းဒေသကြီး ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၁၄/၂၀၂၂) ဆုံးဖြတ်ချက်များအား ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးတို့က မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ရှင်လင်းတင်ပြ ဆွေးနွေးမှုများနှင့် တိုင်းဒေသကြီးအတွင်းမှ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် တက်ရောက်လာသူများ၏ အထွေထွေ ဆွေးနွေးတင်ပြ ဆောင်ရွက်ခဲ့မှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ညီညာ**

# ဗန်းမော်မြို့ တံခွန်တိုင်ပရဟိတစာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့်ကုလားပဲ၊ အလှူငွေများ လှူဒါန်း

**ဗန်းမော် ဩဂုတ် ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများသည် ဩဂုတ်၂၂ ရက်က ဗန်းမော်မြို့ တံခွန်တိုင်ပရဟိတ စာသင်တိုက်ရှိ စာသင်၊ စာချ သီလရှင်ဆရာကြီးနှင့် ဆရာလေးများအတွက် ဆွမ်းဆန်တော် ဆီ၊ ကုလားပဲများအပြင် ဆွမ်းဝေယျာဝစ္စအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သံဃာတော်၊ သီလရှင်များအား ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများကို ဆက်ကပ် လှူဒါန်းပေးလျက်ရှိကြောင်း ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ဗန်းမော်(ပြန်/ဆက်)

# ကလိမ်စေ့ငြမ်းဆင်၊ ဘုရားပြီးငြမ်းဖျက် မဖြစ်စေလိုပါ

မိုးမြင့်

ပကတိဖြစ်ရပ်မှန်တွေနဲ့ဝေးကွာပြီးမှ တရားမဝင် သတင်းအချက်အလက်အများတွေအပေါ်မှာ အခြေခံပြီး ချဉ်းကပ်တောင်းဆိုမှုမျိုး၊ တွေ့ဆုံဆွေးနွေးမှုမျိုးတွေဟာ ပြီးပြည့်စုံတဲ့အဖြေမှန်ရဖို့ ခဲယဉ်းနိုင်ပါတယ်၊ အပြုသဘောရလဒ်ကောင်းတွေ ထွက်ပေါ်ဖို့လည်း အလှမ်းကွာဝေးနိုင်ပါတယ်ဆိုတဲ့ သဘောတရားတစ်ခုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စင်ကာပူနိုင်ငံသူ လူမှုဗေဒပညာရှင် မစ္စနိုလင်းဟေဇာရဲ့ခရီးစဉ်က သာဓကဆောင်ခဲ့ပြန်ပါပြီ။

> ❖ သုံးသပ်ရရင်တော့ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး ကြားဝင်ဝင်ရောက်လာတဲ့ ကိုယ်စားလှယ်တိုင်းဟာ မြန်မာနိုင်ငံအရေးအရာတွေအပေါ်မှာ ကောင်းကောင်းနားလည်ပုံမရကြပါဘူး။ လာကတည်းကလည်း အရိပ်မည်းကြီးတွေအောက်မှာ ရည်ရွယ်ချက်က မှန်ကန်ပုံမရပါဘူး။ ပြဿနာကို အဖြေရှာဖြေရှင်းဖို့ထက် ကိုယ်လိုရာဆွဲပြီး ပြဿနာကို ပိုကျယ်ပြန့်သွားအောင် ရည်ရွယ်ထားသလားအထိ တွေးမိပါတယ်။ မြန်မာပြည်သူအားလုံးကို ကိုယ်စားပြုဖို့ထက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်မှာပဲ တွေ့ခွင့်ရမယ်ဆိုရင် မြန်မာနိုင်ငံ အကျပ်အတည်းတွေ ပြေလည်သွားတော့မယောင်ယောင် နိုင်ငံရေးအကျဉ်းသားဆိုတာ ဘယ်လို၊ အကြမ်းဖက်သမားဆိုတာ ဘယ်လိုဆိုတာ သိသိကြီးနဲ့လည်း မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်နေမှတော့ ပြေလည်ရေးလမ်းစဆိုတာ ရှာနိုင်ဖို့ ခက်နေဦးမှာ ဖြစ်ပါတယ်။

**ရေရှည်လက်တွဲဆောင်ရွက်ဖို့အရေး မထိခိုက်စေလိုပါ**

အမှန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ မစ္စနိုလင်းဟေဇာတို့ တွေ့ဆုံဆွေးနွေးစဉ်မှာကတည်းကိုက မြန်မာနိုင်ငံနဲ့ UN အကြားမှာ ရေရှည်လက်တွဲဆောင်ရွက်ကြဖို့၊ သတင်းရလဒ်တွေနဲ့ ပတ်သက်လာရင် နှစ်ဖက်ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်ဆောင်ရွက်ကြဖို့ သဘောတူကြပြီးသားပါ။ မြန်မာနိုင်ငံအရေးက အကဲဆတ်တယ်ဆိုတာ မြန်မာနိုင်ငံအရေး ကြားဝင်လိုသူတိုင်းသိဖို့ လိုပါတယ်။ နိုင်ငံတကာကရော မြန်မာပြည်သူတွေကပါ အထင်အမြင်လွဲမှားခံလို့ မရပါဘူး။

ဒီအချက်ကို မစ္စနိုလင်းဟေဇာတစ်ယောက် ကောင်းကောင်းသဘောပေါက်ပုံ မရတာလား၊ တမင်တကာပဲ အဖျက်သဘောဆောင်တာလားမသိ၊ မြန်မာနိုင်ငံရဲ့ မျက်ကွယ်ရောက်တာနဲ့ ထင်ရာမြင်ရာ အစွဲတွေနဲ့ တစ်ဖက်သတ်ထုတ်ပြန်ချက်တွေ ထုတ်ပြန်ပါလေရော။ ဒါကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံတကာနဲ့ ပြည်သူတွေ အထင်အမြင်မမှားအောင် အပြုသဘောပြန်လည်ပြီး ချက်ချင်းတုံ့ပြန်သတင်းထုတ်ပြန်ခဲ့ရတာကို တွေ့မြင်ရပါတော့တယ်။

ကျွန်တော် မှတ်မိသလောက်တော့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး လာရောက်ခဲ့ကြတဲ့ ကုလ၊ လူ့အခွင့်အရေး၊ အာဆီယံ စသဖြင့်ခေါင်းစဉ်အမျိုးမျိုးနဲ့ ကိုယ်စားလှယ်အများစုဟာ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး သဘောထားလွဲမှားထုတ်ပြန်လေ့ရှိကြတာကို အကြိမ်ကြိမ်သတိထားမိပါတယ်။ အခုတစ်ကြိမ်မှာလည်း ထိုနည်းလည်းကောင်းပါပဲ။ တကယ်တော့လည်း မစ္စနိုလင်းဟေဇာဟာ ၂၀၀၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံနဲ့ စိမ်းခဲ့တာ မဟုတ်ပါဘူး၊ ရင်းနှီးကျွမ်းဝင်တဲ့သဘောအထိတောင် သတ်မှတ်ထားကြလို့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအခက်အခဲတွေအတွက် မြန်မာပြည်သူတွေအနေနဲ့ မျှော်လင့်ချက်တချို့ သူ့အပေါ်မှာ ရှိခဲ့ကြမှာ အမှန်ပါပဲ။

**အခြေအနေမှန်ကို နှိုင်းယှဉ်လေ့လာသုံးသပ်သင့်**

သို့ပေမဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို ကောင်းစွာသိရှိနားလည်ခြင်းမရှိသေးတဲ့ UN နဲ့ UN ကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံရဲ့ တည်ငြိမ်မှုအနေအထားကို ကမ္ဘာ့နိုင်ငံအချို့နဲ့ နှိုင်းယှဉ်ပြီး လေ့လာသုံးသပ်ထားသင့်တယ်လို့ ယူဆမိပါတယ်။ ရန်ကုန်ကနေ နေပြည်တော်အထိ ရောက်ရှိလာတဲ့ မြေပြင်အခြေအနေနဲ့တကွ သူတို့ယခင်သိရှိထားတဲ့ အခြေအနေတွေကို နှိုင်းယှဉ်နိုင်ရပါမယ်။ မျက်မှောက်ကာလကမ္ဘာကြီးဟာ လုံးဝမငြိမ်းချမ်းပါဘူး။ စစ်မက်တွေ၊ ရောဂါထူပြောမှုတွေ၊ အစုလိုက် အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုတွေ၊ ဗုံးကွဲမှုတွေ၊ အငတ်ဘေးတွေ အများကြီးရင်ဆိုင်နေရပါတယ်။

ကိုယ့်နိုင်ငံအတွင်းမှာလည်း စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ မရှိတာမဟုတ်ပါဘူး၊ ရှိပါတယ်။ ဒါပေမဲ့ လက်ရှိကိုဗစ်အခြေအနေကအစ နှိုင်းယှဉ်ပြီး သုံးသပ်ရမယ့်အနေအထား များစွာရှိနေပါသေးတယ်။ ဒါကို ထပ်တလဲလဲ အခြားသော ဆိုးဆိုးရွားရွား နိုင်ငံတွေထက် မိမိနိုင်ငံကိုမှ ပိုပြီးစိုးရိမ်ပူပန်ပြနေတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ မိမိတို့ နားလည်လို့မရဘူးဆိုရင် ဒါကိုလွန်တယ်လို့ကို ပြောလို့မရပါဘူး။

**လူ့အခွင့်အရေး အခြေခံအချက်များကိုလည်း မမေ့သင့်ပါ**

ထို့ပြင် အပြစ်မဲ့ပြည်သူ ၃၅၀၀ ခန့်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ရာမှာ ပါဝင်ပတ်သက်ခဲ့တဲ့ အကြမ်းဖက်သမားတွေကို ထိုက်သင့်ပြင်းထန်တဲ့ ပြစ်ဒဏ်တွေ ချမှတ်စီရင်တဲ့ကိစ္စနဲ့ ကြီးလေးတဲ့ အမှုတွေကျူးလွန်လို့ ပြစ်ဒဏ်ကျခံထားရတဲ့သူတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုချက်တွေအပေါ်မှာတော့ ပြစ်ဒဏ်တွေကို အတတ်နိုင်ဆုံး လျှော့ပေါ့ပေးထားပြီး မစ္စနိုလင်းဟေဇာအနေနဲ့ မိမိ မိသားစု၊ မိမိဆွေမျိုးသားချင်းတွေ ဖြစ်ခဲ့ရင်ရောဆိုတဲ့ ကိုယ်ချင်းစာ စာနာသနားတတ်ဖို့နဲ့ နှစ်သိမ့်တတ်ဖို့လိုအပ်ကြောင်းကို ဝန်ကြီးချုပ်ဘက်က အမြင်သာဆုံး ထောက်ပြပေးခဲ့တာ တွေ့ရပါတယ်။

လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုကို အမွှမ်းတင်အလေးထားသူတွေအနေနဲ့ လူတိုင်းမှာ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်ပေးဖို့နဲ့ လုံခြုံခွင့်ရဖို့၊ မည်သူ့ကိုမှ မညှဉ်းပန်းမနှိပ်စက်ဖို့၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်မလုပ်ဖို့ စတဲ့လူ့အခွင့်အရေး အခြေခံအချက်တွေလောက်တော့ မမေ့သင့်ဘူးလို့ ယူဆမိပါတယ်။

**ပညာရှင်ဆန်ဆန်သုံးသပ်ဆင်ခြင်စေလို**

ကိုယ်စားလှယ်ကြီး နောက်ထပ်မှားယွင်းစွာ အသိအမှတ်ပြုနေတဲ့ကိစ္စတွေ ရှိနေပါသေးတယ်။ "မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေကို နှစ်ဖက်စလုံးက လုပ်နေကြတယ်၊ နေရာဒေသအချို့မှာ ဗုံးကြဲတိုက်ခိုက်မှုတွေရှိနေတယ်၊ ပြည်သူတွေနေတဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်"ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။

**စကားလုံးတွေကို သတိထားကြည့်ရင် ဗုံးကြဲတယ်ဆိုတာမှာတော့ အကြမ်းဖက်တွေကိုသာ တိုက်ခိုက်တာကို ထည့်မပြောဘဲ မီးရှို့ခံရာမှာတော့** ပြည်သူတွေဆိုတဲ့ အသုံးအနှုန်းသုံးထားတာ တွေ့ရပါလိမ့်မယ်။ သူတို့ကိုယ်တိုင်နားလည်မှု လွဲနေတယ်ဆိုတာ အထင်အရှားပါပဲ။ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးကို အဆက်မပြတ်ဖိတ်ခေါ်နေတဲ့ တပ်မတော်ဟာ ကိုယ့်ဆီလာမတိုက်ဘဲနဲ့တော့ အကြောင်းမဲ့ တိုက်ခိုက်မှာ မဟုတ်ဘူး၊ ကိုယ်တာဝန်ခံထားရတဲ့ ကိုယ့်ပြည်သူတွေအပေါ်မှာ ရေဘေး၊ လေဘေးကအစ ဒုက္ခကြုံတိုင်းမှာ မားမားမတ်မတ် ပြည်သူ့ဘက်က ရပ်တည်ကူညီကယ်ဆယ်ပေးနေတဲ့ အဖွဲ့အစည်းတွေဟာ ကိုယ့်ပြည်သူတွေ ဒုက္ခဆင်းရဲရောက်အောင် သူတို့နေထိုင်ရာအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်ဆိုတဲ့အချက်ဟာ ဖြစ်နိုင်/ မဖြစ်နိုင် ပညာရှင်ဆန်ဆန် သုံးသပ်ဆင်ခြင်စေလိုပါတယ်။

သုံးသပ်ရရင်တော့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး ကြားဝင် ဝင်ရောက်လာတဲ့ ကိုယ်စားလှယ်တိုင်းဟာ မြန်မာနိုင်ငံအရေးအရာတွေအပေါ်မှာ ကောင်းကောင်းနားလည်ပုံ မရကြပါဘူး။ လာကတည်းကလည်း အရိပ်မည်းကြီးတွေအောက်မှာ ရည်ရွယ်ချက်က မှန်ကန်ပုံမရပါဘူး။ ပြဿနာကို အဖြေရှာဖြေရှင်းဖို့ထက် ကိုယ်လိုရာဆွဲပြီး ပြဿနာကို ပိုကျယ်ပြန့်သွားအောင် ရည်ရွယ်ထားသလားအထိ တွေးမိပါတယ်။ မြန်မာပြည်သူအားလုံးကို ကိုယ်စားပြုဖို့ထက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်မှာပဲ တွေ့ခွင့်ရမယ်ဆိုရင် မြန်မာနိုင်ငံ အကျပ်အတည်းတွေ ပြေလည်သွားတော့မယောင်ယောင် နိုင်ငံရေးအကျဉ်းသားဆိုတာဘယ်လို၊ အကြမ်းဖက်သမားဆိုတာဘယ်လိုဆိုတာ သိသိကြီးနဲ့လည်း မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်နေမှတော့ ပြေလည်ရေးလမ်းစဆိုတာ ရှာနိုင်ဖို့ခက်နေဦးမှာ ဖြစ်ပါတယ်။

အခုတစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုမှာတော့ ကိုယ်စားလှယ် မစ္စနိုလင်းဟေဇာရဲ့ အပြုသဘောအဆိုပြုချက်တွေနဲ့ အကောင်းမြင်ပြောဆိုမှုအချို့ အပါအဝင် မြန်မာနိုင်ငံဘက်က တုံ့ပြန်ဆွေးနွေးမှုတွေအပေါ် အားရကျေနပ်မိပါတယ်။ တစ်ဖက်သတ် အထင်အမြင်သေးနေတဲ့ နိုင်ငံတွေအပေါ်မှာ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဆိုတာ ထင်ထင်ရှားရှားပြသနိုင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံပြင်ပရောက်မှ လိုရာဆွဲယူ တစ်ဖက်သတ် ထုတ်ပြန်ချက်အပေါ်မှာ ဆွေးနွေးခဲ့တဲ့ အချက်အလက် အသေးစိတ်ကို အချိန်မဆိုင်း ချက်ချင်းထုတ်ပြန်နိုင်ခဲ့တာမျိုးက ဂုဏ်ယူစရာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆွေးနွေးချက်တွေဟာ ပိုပြီးပွင့်လင်းမြင်သာမှု ရှိခဲ့တယ်လို့လည်း သုံးသပ်နိုင်ပါတယ်။

ဆွေးနွေးချက်တွေအားလုံးဟာ အကူအညီလုံးဝသို့မဟုတ် ဘာမှမည်မည်ရရမပေးရဘဲ ဖိအားချည်းသာပေးနေတဲ့ UN အနေနဲ့ရော အာဆီယံအနေနဲ့ပါ အလေးအနက်ထားရမယ့် ကိစ္စရပ်တွေဖြစ်နေတာကို သတိပြုရမှာဖြစ်ပါတယ်။ မိမိနိုင်ငံအပေါ် အကောင်းမမြင်နိုင်တဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေအပေါ် "ဘာတွေကိုတော့ မသိဘူး၊ မမြင်ဘူး၊ ဘာတွေကိုတော့ မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်နေတယ်"၊ "ဘယ်သူတွေကတော့ ဥပဒေအတိုင်းဆောင်ရွက်နေတယ်၊ ဘယ်သူတွေကတော့ ဥပဒေအတိုင်း မဆောင်ရွက်ခဲ့လို့ ယခုလိုအခြေအနေမျိုးရောက်နေရတယ်"စသဖြင့် မြန်မာဘက်က ပွင့်ပွင့်လင်းလင်း ထောက်ပြနိုင်ခဲ့တာကို တွေ့ရပါတယ်။

အနောက်နိုင်ငံတွေက ကမ္ဘာ့နိုင်ငံရေးမှာ ကျင့်သုံးနေတဲ့ double standard စံနှုန်း နှစ်မျိုးမူဝါဒမျိုး ကုလအထူးကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်တွေမှာ မကြာခဏတွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်လို့ တစ်ဖက်က အသိအမှတ်ပြုပြောကြားနေပေမယ့် အခြားတစ်ဖက်မှာတော့ဝင်ရောက်စွက်ဖက်တဲ့ သဘောမျိုးပြုမူနေတာတွေ၊ အကျပ်ကိုင် ဖိအားပေးခြင်းမျိုးဆန်ဆန် တောင်းဆိုချက်တွေနဲ့အတူ လိုက်လျောမက်လုံးပေးခြင်းမျိုးတွေက ဥပမာဖြစ်ပါတယ်။

သတင်းထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြန်လည်ဆွေးနွေးချက်တွေကို လေ့လာရင် ထိထိမိမိနဲ့ ထိန်းထိန်းသိမ်းသိမ်း ရှင်းပြသွားတာ သတိထားမိပါတယ်။

*စာမျက်နှာ ၇ သို့*

# ရန်ကုန်မြို့တော်ဝန် ရေအရည်အသွေးစစ်ဆေးရေး ပင်မဓာတ်ခွဲခန်းအဆောက်အအုံဆောက်လုပ်ရန် မင်္ဂလာ Pile ရိုက်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အတူ ယနေ့နံနက်ပိုင်းက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံသို့သွားရောက်၍ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားမှုများနှင့် ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် အမှတ် (၆) ရပ်ကွက် မြင်တော်သာလမ်းဘေးတွင် ရေအရည်အသွေးစစ်ဆေးရေး ပင်မဓာတ်ခွဲခန်းအဆောက်အအုံဆောက်လုပ်ရန်အတွက် မင်္ဂလာ Pile ရိုက်ခြင်းအခမ်းအနားသို့ တက်ရောက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မင်္ဂလာအမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် မင်္ဂလာ Pile အား ရိုက်သွင်းကာ ရွှေမိုး၊ ငွေမိုးရွာသွန်းပေးသည်။

အဆိုပါအဆောက်အအုံမှာ သုံးထပ် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ဓာတ်ခွဲခန်းများ၊ ပထမထပ်တွင် ဓာတ်ခွဲခန်းနှင့် ရုံးခန်း၊ ဒုတိယထပ်တွင် အစည်းအဝေးခန်းနှင့် ရုံးခန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါဓာတ်ခွဲခန်းမှ သောက်သုံးရေများအတွက် Parameter ၂၉ မျိုးနှင့် ရေဆိုးအတွက် Parameter ၁၃ မျိုးကို စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းအဆောက်အအုံအား ISO Standard နှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် e-Government Appiled Training အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မြန်မာ့ဘောလုံး အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြှင့်တင်ရေးနှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစား လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၂၆ ရက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ မွန်းလွဲ ၃ နာရီတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ညနေ ၅ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

*စာမျက်နှာ ၆ မှ*

မြန်မာပြည်သူတွေအနေနဲ့လည်း အခုထက်ပိုပြီး ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း သိနားလည်ထားသင့်ပါတယ်။ ဥပမာ- အကြမ်းဖက်မှုတွေအတွက် သေဒဏ်ပေးတဲ့ကိစ္စ၊ ဖမ်းမိချိန်မှာ လက်နက်ခဲယမ်းအမြောက်အမြားနဲ့ လူမဆန်စွာ သတ်ဖြတ်ထားတဲ့ အထောက်အထားတွေ၊ ကိုယ်တိုင် ဝန်ခံချက်တွေအရ ထိုအချက်တွေဟာ အဘယ်သို့သော ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းကမှ လက်ခံလို့မရတဲ့ကိစ္စမျိုးတွေဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

> **“နောက်ဆွေးနွေးချက်အတော်များများမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြန်လည်ဆွေးနွေးချက်တွေကို မစ္စနိုလင်းဟေဇာအနေနဲ့ ပြန်လည်ချေပတာမျိုး၊ ပြန်လည်ဆွေးနွေးတုံ့ပြန်တာမျိုး များများစားစား မတွေ့ခဲ့ရပါဘူး။ ဥပမာ- မြန်မာနိုင်ငံမှာ ကိုဗစ်ကပ်နဲ့ မြန်မာပြည်သူတွေ အကြီးအကျယ်ဒုက္ခရောက်ချိန်မှာ “ဆင်းရဲချမ်းသာမရွေး ခွဲခြားမှုမရှိ၊ မည်သူမှ မကျန်စေရ” ဆိုတဲ့ ကြွေးကြော်မှုကို လျစ်လျူရှုပြီး UN နဲ့ WHO က မြန်မာပြည်သူတွေအပေါ် ဘာတစ်ခုမှ အကူအညီမပေးခဲ့ပါဘူးဆိုတဲ့ ဆွေးနွေးချက်အပေါ်မှာ သူ့အနေနဲ့ ပြန်လည်ဆွေးနွေးတာမျိုးမရှိခဲ့ခြင်းက UN ကိုယ်စား သွယ်ဝိုက်ဝန်ခံခြင်းတစ်မျိုးလားဟု ထင်မြင်စရာရှိပါတယ်။ တစ်ဆက်တည်း ကိုဗစ်အကူအညီနဲ့ ဆက်စပ်ပြီး အကျိုးလိုလားသူနဲ့ မလိုလားသူ၊ မိတ်ဆွေအစစ်နဲ့ မိတ်ဆွေမပီသသူ ခွဲခြားပြီး နိုင်ငံတကာနဲ့ မြန်မာပြည်သူတွေအပေါ်မှာ ရှင်းလင်းပြခွင့်ကိုလည်း ရယူခဲ့ပါသေးတယ်”**

နောက်ဆွေးနွေးချက် အတော်များများမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြန်လည်ဆွေးနွေးချက်တွေကို မစ္စနိုလင်းဟေဇာအနေနဲ့ ပြန်လည်ချေပတာမျိုး၊ ပြန်လည်ဆွေးနွေး တုံ့ပြန်တာမျိုး များများစားစားမတွေ့ခဲ့ရပါဘူး။ ဥပမာ- မြန်မာနိုင်ငံမှာ ကိုဗစ်ကပ်နဲ့ မြန်မာပြည်သူတွေ အကြီးအကျယ်ဒုက္ခရောက်ချိန်မှာ “ ဆင်းရဲချမ်းသာမရွေး ခွဲခြားမှုမရှိ၊ မည်သူမှ မကျန်စေရ” ဆိုတဲ့ ကြွေးကြော်မှုကို လျစ်လျူရှုပြီး UN နဲ့ WHO က မြန်မာပြည်သူတွေအပေါ် ဘာတစ်ခုမှ အကူအညီမပေးခဲ့ပါဘူးဆိုတဲ့ ဆွေးနွေးချက်အပေါ်မှာ သူ့အနေနဲ့ ပြန်လည်ဆွေးနွေးတာမျိုးမရှိခဲ့ခြင်းက UN ကိုယ်စား သွယ်ဝိုက်ဝန်ခံခြင်းတစ်မျိုးလားဟု ထင်မြင်စရာရှိပါတယ်။ တစ်ဆက်တည်း ကိုဗစ်အကူအညီနဲ့ ဆက်စပ်ပြီး အကျိုးလိုလားသူနဲ့ မလိုလားသူ၊ မိတ်ဆွေအစစ်နဲ့ မိတ်ဆွေမပီသသူ ခွဲခြားပြီး နိုင်ငံတကာနဲ့ မြန်မာပြည်သူတွေအပေါ်မှာ ရှင်းလင်းပြခွင့်ကိုလည်း ရယူခဲ့ပါသေးတယ်။

အရေးကြီးဆုံးက မြန်မာပြည်သူတွေဟာ ပြည်ပက ဘယ်လိုဖိအားပေးမှုမျိုးမှ လက်မခံဘူးဆိုတဲ့အချက်ပါပဲ။ သို့ပေမဲ့ တောင်းဆိုချက်မှန်သမျှ လျစ်လျူရှု ပယ်ချနေတာမျိုးလည်း မဟုတ်ပြန်ပါဘူး။ ကိုယ့်အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး မိမိပြည်တွင်းရေးအခြေအနေအရ မိမိပြည်တွင်းအင်အားကိုပဲ ယုံကြည်အားကိုးကာ အိမ်နီးချင်းနိုင်ငံတွေနဲ့ အပြုသဘောဆက်ဆံရေးအပါအဝင် ဥပဒေဘောင်အတွင်းကနေ အပေးအယူ မျှမျှတတနဲ့ အခြားတစ်ဖက်က လုပ်ဆောင်ချက်တွေအပေါ် မူတည်ပြီးမှ အတတ်နိုင်ဆုံး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပေးသွားမယ်ဆိုတဲ့ အချို့ကတိကဝတ်တွေကိုလည်း ပြသနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

တကယ်တော့ မစ္စနိုလင်းဟေဇာဟာ ကုလအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ဦးအဖြစ် မြန်မာနိုင်ငံမှာ ပြောသမျှ၊ ဆိုသမျှ၊ ဆွေးနွေးသမျှ တစ်လုံးမကျန် ပြန်လည်အစီရင်ခံသတင်းပို့တင်ပြရသူတစ်ဦးအဖြစ်နဲ့သာ ပုံဖော်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ မျှော်လင့်ချက်တွေအတွက် မြန်မာနိုင်ငံနဲ့ UN အဖွဲ့ကြီးကြားမှာ စေ့စပ်ညှိနှိုင်းခြင်းသဘောကို ခံစားနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင်နဲ့ ညှိနှိုင်းနိုင်သူတစ်ဦးအဖြစ် မြန်မာပြည်သူတွေက ထင်မြင်လာအောင် သူကိုယ်တိုင်က စေတနာပါပါနဲ့ စေ့စပ်ညှိနှိုင်းပေးသင့်တယ်လို့လည်း ထင်မြင်မိပါတယ်။

**တကယ်တော့ မြန်မာနိုင်ငံကို ဖိအားပေးတဲ့နည်းဗျူဟာက အလုပ်မဖြစ်ပါဘူး၊ တစ်ဖက်က အပြုသဘောဆွေးနွေးချက်တွေအပေါ်မှာ ဈေးဆစ်ရခက်တဲ့တောင်းဆိုမှုတွေနဲ့သာဆိုရင် ကုလသမဂ္ဂရဲ့ လိုလားချက်ဖြစ်တဲ့ အကြမ်းဖက်မှုတားဆီးရေး၊ နောက်ထပ်ပဋိပက္ခတွေ ထပ်မဖြစ်ရေးဆိုတဲ့ ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းဝေးသွားနိုင်တယ်ဆိုတာ သတိချပ်ဖို့လည်း လိုပါတယ်။**

အချုပ်အားဖြင့်တော့ ကုလသမဂ္ဂအပါအဝင် အာဆီယံအနေနဲ့ပါ မြန်မာနိုင်ငံရဲ့ သဘောထားအမှန်ကို ထင်ဟပ်တဲ့ သတင်းထုတ်ပြန်ချက်တွေကိုလေ့လာပြီး အခြေအနေမှန်တွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကာ အမှန်တရားဘက်က ရပ်တည်ပေးစေလိုတဲ့ ဆန္ဒအမှန်ကိုသာ ထားရှိသင့်ကြပါတယ်။ သို့မှသာ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အလေးအနက်တန်ဖိုးထားရာ လေးစားရာရောက်မည်ဖြစ်ပါကြောင်း အပြုသဘောရေးသားလိုက်ရပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ချီးမြှင့်ပေးမှုများ

**တိမ်စင်ကြယ်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရား အောင်မြင်စေရေးအတွက် အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ပေးနေကြသူများဖြစ်ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအား ဝတ်စုံစရိတ်ချီးမြှင့်ခြင်း

ရှေးယခင်အဆက်ဆက်က နိုင်ငံ့ဝန်ထမ်းများသည် ဝတ်စုံစရိတ် ခံစားခွင့်မရရှိခဲ့ပါ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် စရိတ်ချီးမြှင့်ငွေ တိုးမြှင့်ရရှိခံစားနိုင်စေရန်နှင့် နိုင်ငံ့ဝန်ထမ်းများအားလုံး ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် တူညီဝတ်စုံများ ဝတ်ဆင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဇွန်လမှ စတင်ပြီး တစ်ဦးလျှင် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ခံစားခွင့်ပြုခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း) များအား အိမ်ငှားစရိတ်ချီးမြှင့်ခြင်း

ထို့ပြင် နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များအတွက် အိမ်ငှားစရိတ်ကိုလည်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ လစဉ်ချီးမြှင့်ပေးခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် အစိုးရအိမ်ရာတွင် အခမဲ့နေထိုင်ခွင့်မရသော ဝန်ထမ်းများနှင့် မိမိအစီအစဉ်ဖြင့် နေထိုင်သော ဝန်ထမ်းများအား အိမ်ငှားစရိတ် ချီးမြှင့်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အကျိုးခံစားခွင့် ပိုမိုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ အိမ်ငှားစရိတ်အဖြစ် ယေဘုယျအားဖြင့် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်း၊ လူပျိုအပျိုဖြစ်ပါက မူရင်းလစာ၏ ၄ ရာခိုင်နှုန်းဖြင့် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ပြုခဲ့ပါသည်။

## ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ်တက္ကသိုလ်များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားရေးပိုင်း တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအတွက် အမြင့်ဆုံးရရှိသည့်ဘွဲ့အတွက် ချီးမြှင့်ငွေကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ အောက်ပါအတိုင်း ခံစားခွင့်ပြုခဲ့ပါသည်-

(က) ပါရဂူဘွဲ့ ကျပ် ၃၀,၀၀၀/-
(ခ) မဟာ ဒဿန/ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့ ကျပ် ၂၅,၀၀၀/-
(ဂ) ဘွဲ့လွန်ဒီပလိုမာ ကျပ် ၁၀,၀၀၀/-

ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၊ သိပ္ပံများ၊ စာသင်ကျောင်းများတွင် လတ်တလော တာဝန်ထမ်းဆောင်မှု လိုအပ်ချက်အရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် အထူးကိစ္စရပ်အနေဖြင့် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမ (၃၃၃,၈၈၅) ဦးအား တစ်ဦးလျှင် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ချီးမြှင့်ပေးခဲ့ပါသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန (၉) ခုနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ရှိ တက္ကသိုလ်၊ ကောလိပ်၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများအား အုပ်ချုပ်မှုဆိုင်ရာစရိတ် (Administrative Fees)အဖြစ် ကနဦးလစာ၏ ၁၀ ရာခိုင်နှုန်းအား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည့် တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြု ဆရာ၊ ဆရာမများအား လစဉ်ချီးမြှင့်ငွေအဖြစ် တစ်လလျှင် ကျပ် ၁၃၀,၀၀၀/- သို့လည်းကောင်း၊ တိုင်းရင်းသားစာပေသင် ဆရာ၊ ဆရာမများအား တစ်လလျှင် ကျပ် ၆၀,၀၀၀/- သို့ လည်းကောင်း တိုးမြှင့်ခံစား ခွင့်ပြုခဲ့ပါသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဝေးလံခေါင်သီ၍ ဖွံ့ဖြိုးမှုမရှိသေးသည့် တိုင်းရင်းသားဒေသများရှိ ကလေးသူငယ်များ၏ လူနေမှုဘဝ မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ပညာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများအတွက် လစဉ်ချီးမြှင့်ငွေကို အောက်ပါအတိုင်း တိုးမြှင့်ပေးခဲ့ပါသည်-

(က) မူလတန်း ကျပ် ၅၇,၀၀၀/
(ခ) အလယ်တန်း ကျပ် ၆၄,၅၀၀/-
(ဂ) အထက်တန်း ကျပ် ၇၀,၅၀၀/-

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဦးစီးဌာနတွင် အချိန်ပိုင်း တာဝန်ထမ်းဆောင်ရန် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူထားသော ဆရာ၊ ဆရာမများအတွက် ရာထူးအဆင့်အလိုက် သင်ကြားရက် တစ်ရက်လျှင် ချီးမြှင့်ငွေနှုန်းထားများကိုလည်း အောက်ပါအတိုင်း တိုးမြှင့်ပေးခဲ့ပါသည်-

(က) ပါမောက္ခ ကျပ် ၁၀,၀၀၀/-
(ခ) တွဲဖက်ပါမောက္ခ ကျပ် ၈,၀၀၀/-
(ဂ) ကထိက ကျပ် ၆,၀၀၀/-
(ဃ) လက်ထောက်ကထိက ကျပ် ၄,၈၀၀/-

## ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ခြင်း

ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့အလိုက် ချီးမြှင့်ငွေကို ၂၀၂၁ ခုနှစ်၊ ဧပြီလမှစ၍ အောက်ပါအတိုင်း ခံစားခွင့်ပြုခဲ့ပါသည်-

(က) ဒီပလိုမာဘွဲ့ ကျပ် ၁၀,၀၀၀/-
(ခ) Fellowship/ Membership ကျပ် ၂၀,၀၀၀/-
(ဂ) မဟာသိပ္ပံဘွဲ့ ကျပ် ၂၅,၀၀၀/-
(ဃ) ပါရဂူဘွဲ့ ကျပ် ၃၀,၀၀၀/-

ထို့ပြင် ဆေးရုံများတွင် ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ညစာစားစရိတ် တစ်ရက်လျှင် ကျပ် ၁,၅၀၀/- နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလမှစ၍ ချီးမြှင့်ပေးခဲ့ပါသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အောက်ရှိ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအတွက်ကိုလည်း အထက်ပါ ကျန်းမာရေးဝန်ကြီးဌာနနှုန်းထားများအတိုင်း ချီးမြှင့်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အဓိကပါဝင် ထိတွေ့တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား Special Allowance (အထူးကိစ္စ ချီးမြှင့်ငွေ) အဖြစ် ဝန်ထမ်းတစ်ဦးလျှင် တစ်လ ကျပ် ၅၀,၀၀၀/- အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ချီးမြှင့်ပေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းများအား အောက်ပါအတိုင်း ချီးမြှင့်ငွေပေးအပ်ခဲ့ပါသည်-

(က) ကိုဗစ်ရောဂါကြောင့်သေဆုံးသူ ဝန်ထမ်း (၁၁)ဦးအတွက် တစ်ဦးလျှင် ကျပ် ၃,၀၀၀,၀၀၀/-
(ခ) ကိုဗစ်ရောဂါကူးစက်ခံရသူ ဝန်ထမ်း(၃,၀၀၀) ဦးအတွက် တစ်ဦးလျှင် ကျပ် ၂၀၀,၀၀၀/-

ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ကျန်းမာရေးဝန်ထမ်းများအား Special Allowance (အထူးကိစ္စချီးမြှင့်ငွေ)အဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၅၀,၀၀၀/- နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ မှ ဒီဇင်ဘာလအထိ ချီးမြှင့်ပေးခဲ့ပါသည်။

ထိုနည်းတူ ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အထူးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ နေ့စဉ်ရုံးပိတ်ရက်မရှိ တာဝန်ထမ်းဆောင်နေသော Core Group အဖွဲ့ဝင် နိုင်ငံဝန်ထမ်းများအား တစ်ဦးလျှင် တစ်လ ကျပ် ၅၀,၀၀၀/- နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ချီးမြှင့်ပေးခဲ့ပါသည်။

## သင်တန်းကျွေးမွေးစရိတ်

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ဖွင့်လှစ်သော သင်တန်းများအတွက် သင်တန်းသားတစ်ဦးလျှင် တစ်ရက် ကျပ် ၁,၀၀၀/- နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၁,၅၀၀/- နှုန်းဖြင့် လည်းကောင်း၊ ကျပ် ၁,၅၀၀/-နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၁,၈၀၀/- နှုန်းဖြင့် လည်းကောင်း၊ ကျပ် ၂,၅၀၀/- နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၂,၈၀၀/- နှုန်းဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလမှစ၍ တိုးမြှင့်ခဲ့ပါသည်။

## ဘဏ်ဝန်ထမ်းများအား ချီးမြှင့်ခြင်း

အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့် ကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်ဘဏ် (၄) ဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဘဏ်ဝန်ထမ်း (၉,၅၉၃) ဦးအား Special Allowance (အထူးကိစ္စချီးမြှင့်ငွေ) အဖြစ် တစ်ဦးလျှင် ကျပ် ၃၀,၀၀၀/-ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအတွက် ချီးမြှင့်ပေးခဲ့ပါသည်။

## တာဝန်ထမ်းဆောင်စဉ် သေဆုံး/ ကျဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့သူ နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း

ထို့ပြင် ၁-၂-၂၀၂၁ ရက်နေ့မှ ၁၀-၁၂-၂၀၂၁ ရက်နေ့အတွင်း နိုင်ငံတော်တာဝန်ထမ်းဆောင်စဉ် သေဆုံး/ကျဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများအား ဂုဏ်ပြုငွေချီးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ သေဆုံး/ကျဆုံး နိုင်ငံ့ဝန်ထမ်း (၂၂၄) ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ ပြည်သူ့ဝန်ထမ်း (၂၆၃) ဦးအတွက် တစ်ဦးလျှင် ကျပ် ၅ သိန်း၊ ထိခိုက်ဒဏ်ရာရ နိုင်ငံ့ဝန်ထမ်း (၅၃၀)ဦးအတွက် တစ်ဦးလျှင် ကျပ် ၂ သိန်း၊ ပြည်သူ့ဝန်ထမ်း(၁၆၉)ဦးအတွက် တစ်ဦးလျှင် ကျပ် ၁ သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

## လုံခြုံရေးအသုံးစရိတ်

ပြည်ထဲရေးဝန်ကြီးဌာနမှ ရှေ့တန်းလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအတွက် လုံခြုံရေး အသုံးစရိတ်အဖြစ် တစ်လလျှင် တစ်ဦးအတွက် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ လည်းကောင်း၊ ပြည်သူတို့၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လက်ရှိလစာအပြင် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) အား တစ်ဦးလျှင် တစ်လ ကျပ် ၁၀,၀၀၀/- နှုန်းဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ လည်းကောင်း ခံစားခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် ကျပ် ၁၅၀,၀၀၀/- နှုန်းဖြင့် ချီးမြှင့်ခဲ့ပါသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် အဆိုပါဒေသရှိ လက်ရှိအခြေအနေအရ မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ လက်ရှိ အခြေအနေအရ နိုင်ငံ့ဝန်ထမ်းများအား လစာတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ခံစားခွင့်များ တိုးမြှင့်ရရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ နိုင်ငံ့ဝန်ထမ်းများအပေါ် အသိအမှတ်ပြုမှုနှင့် ထားရှိသည့်စေတနာကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ။

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး(၁/၂၀၂၂) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ**

အစည်းအဝေး၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က ယနေ့ကျင်းပသည့် သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့အနေဖြင့် သဘာဝဘေးကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုတို့တွင် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ လမ်းညွှန်ပြုစုနိုင်ရေး ဆွေးနွေးအကြံပြုနိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် World Risk Report 2021 အရ အဆင့်(၇၉)သာ ရှိသော်လည်း Global Climate Risk Index 2021 ပါ စစ်တမ်းများအရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတွင်မူ ကမ္ဘာ့နိုင်ငံများအနက် အဆင့်(၂၁)တွင် ရှိနေကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ လျင်မြန်သော တုံ့ပြန်ဆောင်ရွက်မှုနှင့် အရေးပေါ်ကာလဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များကို အဖွဲ့အစည်းအားလုံးက ပူးပေါင်းဆောင်ရွက်ကြရာတွင် အရပ်ဘက်-စစ်ဘက် ပူးပေါင်းဆောင်ရွက်မှုမှာလည်း အထူးအရေးပါကြောင်း၊ အရပ်ဘက်-စစ်ဘက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းပြီး ထိရောက်သော လူသားချင်းစာနာမှုအကူအညီပေးရန်နှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များဖြင့် ယခင်က ဆောင်ရွက်ခဲ့သည့် "Civil Military Coordination Workshop on Disaster Management" အလုပ်ရုံဆွေးနွေးပွဲများမှ အကြံပြုချက်များအပေါ် လမ်းညွှန်မှုခံယူပြီး **"သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့"** ကို ၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့် ပေးအပ်ထားသည့် တာဝန်များအပေါ် မူတည်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေး ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်းပါဝင်သည့် သဘာဝဘေးတုံ့ပြန်မှုအတွက် သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ခန်း (Simulation Exercise) ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သဘာဝဘေး အရေးပေါ်တုံ့ပြန်မှု ဆွေးနွေး**

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး တို့က သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် လုပ်ငန်းအဖွဲ့ဝင်များက ကိုယ်စားပြုတက်ရောက်သည့် လုပ်ငန်းကော်မတီအလိုက် တပ်မတော်နှင့် သဘာဝဘေးတုံ့ပြန်မှုလုပ်ငန်းအတွက် ညှိနှိုင်းပေါင်းစပ်ရာတွင် ရရှိထားသည့် ကောင်းမွန်သည့်အတွေ့အကြုံများ၊ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်နိုင်သည့် ကဏ္ဍများ၊ တပ်မတော်၏ သဘာဝဘေးစီမံခန့်ခွဲမှုစနစ်နှင့် ရယူနိုင်သည့် အကူအညီများ၊ ထိရောက်လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အားမြှင့်ဆောင်ရွက်နိုင်သည်များ၊ Standard Operation Procedure ပြုစုနိုင်ရေး စတင်ဆောင်ရွက်ရန်များ၊ နိုင်ငံတော်အဆင့် သရုပ်ပြလေ့ကျင့်ခန်းတစ်ရပ် ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး ဩဂုတ် ၂၄**

ချင်းပြည်နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည့် အတွက် ပြည်နယ်အတွင်းရှိ အသက်ငါးနှစ်နှင့်အထက် ပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်ကျန်များ သက်တမ်းမကုန်ဆုံးမီ ထိုးနှံပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းများ၊ သက်တမ်းကုန်ဆုံးရက် နီးကပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံမည့် အစီအမံများနှင့် ဖြစ်ပေါ်လာနိုင်သော ကိုဗစ်-၁၉ ရောဂါနောက်ဆက်တွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြို့ဝင်/မြို့ထွက် ဂိတ်များတွင် RDT Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှာဖွေစစ်ဆေးမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် ကြပ်မတ်ပေးနေမှုနှင့် စနစ်တကျ စိစစ်၍



သက်တမ်းကုန်ဆုံးရက် နီးကပ်သည့် ဆေးလက်ကျန်များ အလေအလွင့်မရှိဘဲ သတ်မှတ်ကာလအတွင်း အပြည့်အဝ ထိုးနှံပေးရန် လိုအပ်မှုတို့ကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က မြို့နယ်တစ်ခုချင်းအလိုက် သုံးသပ်အကြံပြု ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က "ပန်းခင်း" စီမံချက်ဆောင်ရွက်ပြီးစီးမှုနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များကို Software Program အတွင်း ထည့်သွင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လောကကို သိပ္ပံပညာ၊ နည်းပညာများဖြင့် အလှဆင်ကြရာတွင်...

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

မြန်မာ့တံခါးကိုဖွင့်၊ အနာဂတ်ကို မြော်မြင်ကြည့်၊ သတိဉာဏ် မြေကတုတ်နဲ့ သင်ယူအားထုတ် အလုပ်လုပ်ကြလော့ဆိုတဲ့ အချက်နဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။

**သမိုင်းကြောင်းရှည်လျားတဲ့ ရွှေနိုင်ငံ**

မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသမှာ လူဖြစ်လာမယ့် အမ်ဖီသီးကပ်စ်လို့ခေါ်တဲ့ ပရိုင်းမိတ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသန်း ၄၀ က နေခဲ့ကြောင်း ဘူမိသိပ္ပံကမ္ဘာ့ပညာရှင် မြန်မာပညာရှင်တွေက ဖော်ထုတ်ခဲ့တယ်။ လူသား မျိုးနွယ်အစ မြန်မာကလို့တောင် ပြောလာကြတယ်။ မြန်မာနိုင်ငံ ရာဇဝင်သမိုင်းလာ မြန်မာတွေဟာ ကိုယ့်မြေပေါ်မှာ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နဲ့နေလာခဲ့တဲ့ ပုဂံယဉ်ကျေးမှုဟာ နှစ်ပေါင်း ၃၀၀ တိုင် အခွန့်ရှည်ကြာထည်ဝါစွာ ကမ္ဘာ့အလယ်မှာ ရပ်တည်ခဲ့တယ်။ သမိုင်းမှတ်တမ်းကို ကောင်းစွာ တင်နိုင်ခဲ့တာကတော့ ပုဂံခေတ်က စခဲ့တာဖြစ်တယ်။ ယဉ်ကျေးမှု အမွေအနှစ်တွေဟာလည်း အာရှရဲ့ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားစေတီတွေကိုပဲကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်း ချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို့ တစ်မျိုး အမည်ရနေပါတယ်။



မြန်မာမှာ အနန္တသူရိယအမတ်ဟာ ပုဂံနရသူမင်းလက်ထက်မှာ ဝန်ကြီး၊ သဘာဝရဲ့ဥပဒေသကို ဖော်ထုတ်ခဲ့တဲ့ ကဗျာဆရာတစ်ဦး ဖြစ်ခဲ့တယ်။ ၁၅၆၄ ခုနှစ်မှာ ဝီလီယံရှိတ်စပီးယားက အင်္ဂလန်၊ ဂယ်လီလီယို ဂယ်လီလိုင်က အီတလီမှာ မွေးဖွားလာကြတယ်။ စာပေအရာမှာ ရှိတ်စပီးယားက ထူးချွန်ထက်မြက်သလို ခေတ်ပြိုင် စတုရင်္ဂဗလ၊ နဝဒေး၊ စိန္တကျော်သူတို့ဟာ စာပေအရာမှာထိပ်တန်း ဖြစ်ခဲ့ပါတယ်။ သိပ္ပံအရာမှာ ဂယ်လီလီယိုက ထူးချွန်သူ ဖြစ်တယ်။

အေဒီ ၁၅၅၀ ကျော်မှာ ဘုရင့်နောင်ဟာ ကမ္ဘောဇသာဒီ နန်းတော်ကြီး တည်ဆောက်ပြီး နန်းစံခဲ့ပါတယ်။ အနီးအနားနိုင်ငံတွေအပေါ်မှာ ဩဇာသက်ရောက်မှုရှိခဲ့ပါတယ်။ အမြော်အမြင်ကြီးကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခေတ်ပြိုင် အေဒီ ၁၆၀၀ လောက်က ဘာကင်ဂန်နန်းတော် ( Buckingham Palace) ကို လန်ဒန်မှာ တည်ဆောက်ခဲ့တာ မြန်မာတို့ထက် နောက်ကျခဲ့ပေမယ့် ယနေ့တိုင် တည်တံ့နေပါတယ်။ လန်ဒန်ဟာ ယနေ့ထိဖွံ့ဖြိုးကြီးထွားလျက်ပါ။ စည်းလုံးညီညွတ်မှုလျော့ရဲလာတဲ့ခေတ် ဘေးပယောဂတွေ ဝင်မှန်းမသိတဲ့ ဘုရင်မင်းလက်ထက်မှာ ကမ္ဘောဇသာဒီနန်းတော်ကြီးဟာ ပျက်သုဉ်းခဲ့ရပါတယ်။

**ကုန်းဘောင်ခေတ်**

အေဒီ ၁၇၅၂ ခုနှစ်မှာ အလောင်းမင်းတရားကြီးက ကုန်းဘောင်ခေတ်ကို တည်ထောင်၊ စည်းလုံးညီညွတ်မှုရှိအောင်၊ စပါးဆန်ရေပေါများအောင် ဆောင်ရွက်ခဲ့တယ်။ စာပေကျမ်းဂန်တွေ ထွန်းကားခဲ့တယ်။ ၁၆-၁၉ ရာစု အတွင်း ကမ္ဘာ့နိုင်ငံတွေဟာ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်နဲ့ ကိုယ့်မြေကိုယ့်ရေနဲ့ ကိုယ့်နန်းတွင်းရေးတွေကို ဖြေရှင်း၊ ထိန်းချုပ်ကာကွယ်လေ့ရှိရာ ရှေးကအုပ်ချုပ်မင်းလုပ်ခဲ့တဲ့သူနဲ့ နောက်လိုက်နောက်ပါ မြန်မာတို့ဟာ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း၊ အဋ္ဌာရသ နည်းပညာနဲ့ လုံလောက်ပြီလို့ ယူဆခဲ့ကာ ရှေ့ဆက်မလှမ်းဘဲ ကျေနပ်ခဲ့ပုံရပါတယ်။ ၁၇၉၅ ခုနှစ်မှာ ကပ္ပတိန်မိုက်ကယ်ဆိုင်း(မ်) (Captain Michael Sym) ဟာ အင်းဝပြည်ကြီး ရောက်လာကာ အင်းဝအင်ပါယာတိုင်းပြည်ရဲ့ အံ့ဩခဲ့ရပုံကို ၁၈၀၀ ပြည့်နှစ်ထုတ် အင်းဝခရီးစဉ်စာအုပ်မှာ ရေးခဲ့တယ်။ မြန်မာတို့ဟာ အဲဒီအဆင့်မှာ ကျေနပ်ရပ်တန့်နေခဲ့ပါတယ်။ စွန့်စွန့်စားစားနဲ့ ကျယ်ပြောတဲ့ နယ်ပယ်တွေ လူ့ယဉ်ကျေးမှုတွေကို စူးစမ်းလေ့လာဖို့ အားနည်းခဲ့ပါတယ်။

၁၈၀၆ ခုနှစ်မှ ၁၈၁၉ ခုနှစ်အတွင်း ပဒုံမင်းဟာ ဆေးပညာကို ကိုယ်တိုင် လေ့လာခဲ့တယ်။ အာယုဗေဒမှာ လွန်စွာကျွမ်းကျင်သူများကို ဘိသက္ကရာဇ်ဘွဲ့ကို အပ်နှင်းပြီး သူကောင်းပြုခဲ့ကြောင်း၊ မြန်မာတို့ဟာ ဆေးပညာကို တက်လှမ်းခဲ့ကြောင်း တွေ့ရပါတယ်။

**မြော်မြင်တွေးကြည့်နိုင်တဲ့သူလွန်စွာမှရှား**

၁၈၂၄-၂၆ ခုနှစ်တွေမှာ မြန်မာနိုင်ငံအောက်ပိုင်းကစပြီး တစ်စတစ်စ အင်္ဂလိပ်လက်အောက် ရောက်မယ်လို့ ဘယ်သူတွေ တွက်ဆသိနိုင်ခဲ့မလဲ။ အဲဒီခေတ်က မြန်မာလူထု တစ်သန်းထဲက မည်သူတစ်ဦးတစ်ယောက်ဟာ ကြိုတင်တွက်ဆပြီး ပြင်ဆင်မှုတွေ လုပ်ခဲ့ပါသလဲဆိုတဲ့ မေးခွန်းပေါ်လာပါတယ်။ ထိုခေတ်က ရှေးဘုရင်တို့နဲ့ လူထုဟာ ပရိယာယ်နည်းပရိယာယ်ဝေဝုစ်များလှတဲ့ ဗြိတိသျှနယ်ချဲ့တို့ကို နားလည်ရန် ခက်ခဲခဲ့ပါလိမ့်မယ်။ မြော်မြင်တွေးကြည့်နိုင်တဲ့သူတွေ ရှိကောင်းရှိနိုင်ပါမယ်။ လွန်ခဲ့တဲ့နှစ် နှစ်ရာနီးပါးက အခြေအနေမှာ လွန်စွာမှ ရှားပါလိမ့်မယ်။

၁၈၁၂-၁၈၂၄ ခုနှစ်အတွင်းမှာ ဥရောပမှာ ရေနွေးငွေ့အင်ဂျင်စက်တွေကို တည်ဆောက်နိုင်ခဲ့ပြီ၊ လေနဲ့ နေရောင်ခြည်၊ ယမ်းများအကြောင်း ကောင်းကောင်းနားလည်နေပြီဖြစ်ပါတယ်။ ဥရောပမှာ ၁၈၁၂ ခုနှစ်က ကုန်တင်ယာဉ်ကိုဆွဲဖို့ ရေနွေးငွေ့အင်ဂျင်စက်ကို တည်ဆောက်နိုင်ခဲ့ခြင်း၊ သံနဲ့သတ္တုထုတ်လုပ်နိုင်ခြင်းဟာ စက်မှုထွန်းကားဖို့ တာထွက်ခဲ့ပါတယ်။ သစ်တောသစ်ပင်တွေက သစ်နဲ့ သင်္ဘောကြီးငယ် တည်ဆောက်ပြီး ပင်လယ်ခရီးကို သွားရောက်ခဲ့ပါတယ်။ ကိုလိုနီနယ်ချဲ့တို့ဟာ အိန္ဒိယနိုင်ငံအတွင်း နှစ်ပေါင်းနှစ်ရာကျော်ကပင် ဝင်ရောက်နေခဲ့ပြီဖြစ်ပါတယ်။

၁၈၂၂ ခုနှစ်မှာ ကင်းဝန်မင်းကြီးကို မွေးဖွားခဲ့ပါတယ်။ ၁၈၂၈ ခုနှစ်မှာ လီယိုတော်စ်တွိုင်း (Leo Tolstoy)ကို မွေးဖွားခဲ့ပါတယ်။ လီယိုတော်စ်တွိုင်းဟာ ရုရှားလူမျိုး ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦး ဖြစ်ပါတယ်။ ထိုခုနှစ်အတွင်းမှာ မြန်မာနိုင်ငံ တနင်္သာရီနဲ့ ရခိုင်ဟာ အင်္ဂလိပ်လက်အောက် ရောက်သွားပြီဖြစ်ပါတယ်။ ၁၈၅၂ ခုနှစ်မှာ မြန်မာနိုင်ငံအောက်ပိုင်း အောင်လံ၊ သရက်အထိ အင်္ဂလိပ်လက်ထဲ ပေးလိုက်ရပြီ ဖြစ်ပါတယ်။

၁၈၄၀ ပြည့်နှစ်တွေမှာ တရုတ်နဲ့အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို လွှမ်းခြုံခဲ့ပါတယ်။ သဘာဝ တွင်းထွက်ပစ္စည်းများဖြစ်တဲ့ ရွှေ၊ ငွေ ကျောက်မျက်ရတနာတွေနဲ့ လက်လုပ် ပိုးထည်တွေ ထုတ်လုပ်ရောင်းချခြင်းနဲ့ စီးပွားဖြစ်ခဲ့ပါတယ်။

**သဘာဝကပေးတဲ့လက်ဆောင်**

၁၈၅၃ ခုနှစ်မတိုင်မီ ရှေးယခင်က မြန်မာတို့ဟာ သဘာဝကပေးတဲ့ လက်ဆောင်နဲ့ပဲ ကျေနပ်ရောင့်ရဲခဲ့ပါတယ်။ ရေမြေတောတောင်၊ သယံဇာတ၊ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုကိုပင် လက်ဆုပ်လက်ကိုင် ထူးထူးခြားခြား စွန့်စွန့်စားစားနဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်ဖို့ ဖင့်နွဲ့နေတယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

မင်းတုန်းမင်းတရားကြီး နန်းတက်တဲ့ ၁၈၅၃ ခုနှစ်မှာပဲ ရေတပ်ဗိုလ်ချုပ် ကိုမိုဒိုမက်သရူးပယ်ရီ (Commodore Mathew Perry) ဟာ ဂျပန်ကျွန်းတွေဆီသို့ အနက်ရောင်သင်္ဘောကြီးနဲ့ ရောက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ကမ္ဘာနဲ့ကင်းကွာခဲ့တဲ့ ကျွန်းနိုင်ငံ၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးဆက်ဆံမှုကို ထိန်းချုပ်ခဲ့ပါတယ်။ သဘာဝကပေးတဲ့ လက်ဆောင်နဲ့ပဲ ကျေနပ်ရောင့်ရဲတဲ့လူမျိုးဖြစ်ပါတယ်။ မက်သရူးပယ်ရီ ရောက်လာတော့ ဂျပန်တို့ရဲ့ အတွေးအခေါ် ခံယူချက်တွေ ပြောင်းလဲသွားပါတယ်။ ဂျပန်လူမျိုးတို့ဟာ ရှုမြင်ပုံက မြင့်မားလာပါတယ်။ ပိုပြီး စဉ်းစားလာကြပါတယ်။ နည်းပညာရမှ ဖြစ်တော့မယ်ဆိုတာ ဂျပန်တို့ ကောင်းစွာသိသွားကြပါတယ်။ ၁၈၅၃ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ဂျပန်နဲ့အမေရိကန်တို့ဟာ ကုန်သွယ်မှု ဆက်ဆံဆောင်ရွက်ရေး သဘောတူစာချုပ်ကို သမိုင်းဝင် လက်မှတ်ရေးထိုးလိုက်ပါတယ်။

**သိပ္ပံပညာဟာအခရာ**

၁၈၇၁ ခုနှစ် အလယ်ပိုင်းမှာ ခေတ်ပြိုင် အပြောင်းအလဲကြီးတွင် ဝင်ဆံ့နိုင်ရန် အမြော်အမြင်ကြီးမားတဲ့ ကနောင်မင်းသားကြီးဟာ နိုင်ငံခြားတိုင်းပြည်များသို့ ပညာသင်စေလွှတ်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်စက်ရုံ၊ ရေကြောင်းသွားလာရေး သင်္ဘောတည်ဆောက်ရေးစက်ရုံ၊ လူသုံးကုန်ပစ္စည်းစက်ရုံတို့ကို တည်ထောင်ခဲ့ပါတယ်။ အဲဒီအချိန်အခါက ဂျပန်မှာတော့ မေဂျီ(Meiji) ခေတ်ပဲ။

မြန်မာတို့အားထားရတဲ့ ကနောင်မင်းသားဟာ ကံဆိုးရှာပါတယ်။ ကနောင်မင်းသားကြီးဟာ စက်မှုခေတ်ကို တက်လှမ်းခဲ့ပေမယ့် အားပေးထောက်ခံမှု နည်းခဲ့ပါတယ်။ နန်းတွင်းရေးတွေကြောင့် လမ်းခုလတ်မှာ နည်းပညာ အမြော်အမြင်နဲ့အတူ အသက်ပေးလိုက်ရတဲ့ သင်ခန်းစာကို မြန်မာတို့ယူရမှာဖြစ်ပါတယ်။ မင်းတုန်းမင်းတရားကြီးနဲ့ မှူးမတ်ဝန်ကြီးအပေါင်းတို့ဟာ ကနောင်မင်းသားရဲ့စစ်လက်နက်စမ်းသပ်မှုကို တားဆီးရုံမဟုတ်ဘဲ အမြော်အမြင်ကျယ်ကျယ်နဲ့ သတ္တုစက်မှုလုပ်ငန်းဆက်လက်ဖွံ့ဖြိုးအောင် မဈ္ဈိမပဋိပဒါကျကျ အားပေးချီးမြှောက်ခဲ့သင့်တယ်လို့ သုံးသပ်ရပါတယ်။

**လွတ်လပ်ရေးဆုံးရှုံး**

၁၈၂၄ ခုနှစ်ကစပြီး ၁၈၈၅ ခုနှစ်တိုင် မြန်မာနိုင်ငံအောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဲခူး၊ ဟံသာဝတီ၊ ရန်ကုန်၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း အရေးကိစ္စများကို ဖြေရှင်းရတော့ ထိုစဉ်ကမြန်မာ့ခေါင်းဆောင်တွေ ဘုရင်မင်းမြတ်တို့ဟာ အားတွေကုန်၊ လမ်းကြောင်းတွေ တိမ်းစောင်းသွားပါတော့တယ်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ဗြိတိသျှတို့က သီပေါမင်းကိုနန်းချကာ ဧရာဝတီမြစ်ကြောင်း သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်၊ ရန်ကုန်မှတစ်ဆင့် မဒရပ်၊ ရတနာဂီရိကို ပို့လိုက်တယ်။

တိုင်းတစ်ပါးအောက် ရောက်ပြီဆိုကတည်းက မြန်မာတို့ရှုန်းကန်ကြီးထွားလာခဲ့ရပုံတွေဟာ အခြားသော နိုင်ငံတွေနဲ့ မတူညီခဲ့တော့ပါဘူး။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည် ပုဂ္ဂိုလ်ကြီးများ လုပ်ကြံခံလိုက်ရပြန်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရလို့ ဝမ်းနည်းပက်လက်ဖြစ်ရတဲ့ မြန်မာတို့ဟာ သခင်မဲ့၊ အရှင်သခင်မဲ့ဘဝနဲ့ ဘုံရန်သူကို ရှာမတွေ့ဘဲ ဖြစ်ရပါတယ်။ ၁၉-၂၀ ရာစုအတွင်း ကိုလိုနီရဲ့အပြုအမူတွေကြောင့် မြန်မာ့ရေမြေ၊ လူမှုစီးပွားရေးဘဝ သမိုင်းကြောင်းဟာ ပြောင်းလဲသွားပါတော့တယ်။



အထွေထွေနောက်မကျရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစမရခဲ့တဲ့ကာလဟာ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိလို့ ပြောရပါလိမ့်မယ်။ ဒါဟာသမိုင်းတစ်ကွေ့ပဲ၊ ကာလကြာရှည်လေ နိုင်ငံတကာ ပုံမှန်လမ်းကြောင်းနဲ့ဝေးကွာလေ ဖြစ်သွားရတယ်။ သိပ္ပံပညာ နည်းပညာနဲ့လောကကို အလှဆင်ဖို့ မြန်မာတို့ ဝေးခဲ့ရပြီလို့ ပြောရမှာ ဖြစ်ပါတယ်။

**အို. . . မြန်မာတို့ . . .**

ရှေးယခင်က သမိုင်းရဲ့ ဆိုးမွေတွေကိုပြန်လည်ပြီးသွားဖို့မဟုတ်၊ ကိုယ့်သမိုင်းကိုကြည့်၊ အစစအရာရာ ဖြစ်ပေါ်ပြောင်းလဲမှုကိုကြည့်၊ သင်ခန်းစာယူပြီး ကောင်းမွေပေးနိုင်အောင် လုပ်ကြရပေလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့သမိုင်း၊ သိပ္ပံနဲ့နည်းပညာတိုးတက်မှုသမိုင်း၊ ကြီးပွားချမ်းသာမှုသမိုင်းတို့ကို နားလည်အောင်ဖတ်ကြရမယ်၊ ကိုယ့်နိုင်ငံနဲ့ယှဉ်ပြီးတော့လည်း သိအောင်လေ့လာကြရမယ်။ အမြော်အမြင်နဲ့ မြန်မာ့တံခါးကို ဖွင့်ကြည့်တော့... အတိတ်မှာ သိပ္ပံပညာနဲ့ စွန့်စွန့်စားစား လောကကိုအလှဆင်ကြသူတွေကို ဒီလို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

လွန်ခဲ့တဲ့နှစ် ၅-၇ သိန်းလောက်က ပီကင်းမင်းခေတ်မှာ မီးကိုတွေ့ရှိအသုံးပြုတာကြောင့် လူ့ယဉ်ကျေးမှုကြီးဟာ ကြီးစွာပြောင်းလဲခဲ့ပါတယ်။ မီးကြောင့် သိပ္ပံဆိုင်ရာ အဖြစ်အပျက်အပြောင်းအလဲတွေကို နားလည်ခဲ့ပါတယ်။ လူ့ယဉ်ကျေးမှုအစမှာကိုပင် တရုတ်တို့ဟာ စက္ကူတီထွင်မှု၊ ယမ်းတီထွင်မှု၊ ပုံနှိပ်အတတ်ပညာတီထွင်မှု၊ သံလိုက်အိမ်မြှောင်တီထွင်မှုတွေနဲ့ ကမ္ဘာကြီးကို ပြောင်းလဲပုံဖော်ခဲ့ပါတယ်။ ဘီစီ ၅၁၂ ခုနှစ်မှာ တရုတ်က သံကြွပ်ကို ထုတ်လုပ်သုံးနေပြီဖြစ်ပါတယ်။

အေဒီ ၁၂၀၀ မှာ ကမ္ဘောဒီးယားနိုင်ငံဟာ ကမ္ဘာ့အချမ်းသာဆုံးဖြစ်ကြောင်း အဲန်ကောဝပ် (Ankorwat) ဘုရားကျောင်းတော်ကြီးရဲ့ ခမ်းနားထည်ဝါ ဗိသုကာလက်ရာမြောက်မှုတို့ကို ရှုမြင်သုံးသပ်တတ်တဲ့ ပညာရှင်တွေက ပြောပါတယ်။ ပုဂံယဉ်ကျေးမှုဟာ ဒီထက်စောပြီး အထွတ်အထိပ်ကို ရောက်ခဲ့ပါတယ်။

၁၅၀၀ ပြည့်နှစ်မှာ ပီရူးနဲ့ မက္ကဆီကို နိုင်ငံတွေကို ဥရောပနိုင်ငံတွေက မော်ကြည့်ရလောက်အောင် ချမ်းသာကြပါတယ်။ ၁၈၀၀ ပြည့်နှစ်မှာ အာဂျင်တီးနားနဲ့ ကျူးဘားနိုင်ငံတို့ဟာ အမေရိကန်ထက်ချမ်းသာပါတယ်။ ကမ္ဘာ့လူဦးရေဟာ အဲဒီနှစ်မှာ တစ်ဘီလီယံ၊ ၁၉၀၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေဟာ ၁ ဒသမ ၅ ဘီလီယံ ရှိပါတယ်။ မျက်မှောက်ခေတ်မှာ ချမ်းသာတဲ့နိုင်ငံတွေဟာ စိန်ရွှေကျောက်သံပတ္တမြား သို့မဟုတ် နယ်မြေပေါကြွယ်ဝမှုနဲ့ လူသန်းချီ မလိုတော့ပါဘူး။ ဒါပေမယ့် လူထုကို ပညာသင်ပေးရလိမ့်မယ်။ စမတ် (smart) ကျတဲ့ စွန့်ဦးတီထွင်သူ လူထုမွေးထုတ်ပေးဖို့ လိုပါမယ်။

၁၄၉၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှာ ကိုလံဘတ်စ်ဟာ အမေရိကတိုက်ကို တွေ့ရှိခဲ့ပါတယ်။ ဘယ်နေရာ ဘယ်သောင်ကမ်းကို သင်္ဘောကြီးနဲ့ကပ်ခဲ့သလဲဆိုတာ ကမ္ဘာမြေပုံဆွဲတဲ့နည်းပညာ မမြင့်မားတာကြောင့် အတိအကျမသိခဲ့ပါဘူး။ ကိုလံဘတ်စ်ရဲ့စွန့်စားမှုဟာ ဥရောပယဉ်ကျေးမှုကို အမေရိကန်မှာ ဖြန့်ခဲ့ခြင်း လူမှုစီးပွားဘဝတိုးချဲ့တာပဲဖြစ်ပါတယ်။ ခေတ်စကားနဲ့ဆိုရင် ဂလိုဘယ်လိုက်ဇေးရှင်း ကိုလိုနီခေတ်ဦးပဲ ဖြစ်ပါတယ်။

**စက်မှုထွန်းကားဖို့ သိပ္ပံပညာအခြေခံတွေ**

၁၅၈၁ ခုနှစ်မှာ ပင်ဂျူလန် (Pendulum) နဲ့ တယ်လီစကုပ်တွေ တီထွင်ခဲ့လို့ ကမ္ဘာ့ဆွဲအား၊ ကော့ပါးနီးကပ်စ် (Copernicus) က နေနဲ့ဂြိုဟ်များရဲ့အနေအထား လှေ့လာခဲ့လို့ နေစကြဝဠာကို ကြည့်ရှုနားလည်ခဲ့ပါတယ်။ ၁၇၇၄ ခုနှစ် ဩဂုတ် ၁ ရက်မှာ အင်္ဂလိပ်လူမျိုး ဂျိုးဆက်ပရီစတလေက အောက်ဆီဂျင်ဓာတ်ငွေ့ကို စတင်တွေ့ခဲ့ပါတယ်။ နေရောင်ခြည်စွမ်းအင်ကို အပင်တွေကရယူပြီး အောက်ဆီဂျင်ထုတ်တာကို သိခဲ့ကြတယ်။ အောက်ဆီဂျင်ဟာ မီးလောင်ကျွမ်းမှုကို အားပေးတယ်။ သက်ရှိသတ္တဝါတွေအသက်ရှင်ဖို့ မရှိမဖြစ် လိုအပ်ပုံ၊ သတ္တရုက္ခလောကတို့ဟာ "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" ဆိုတဲ့ သဟဇာတဖြစ်နေမှုကို နားလည်ခဲ့ကြတော့ ဒီတွေ့ရှိချက်တွေဟာ ရှေးရိုးအတွေးအခေါ်ယုံကြည်မှုတွေနဲ့ ထိပ်တိုက်တွေ့ရော့သလား။

၁၇၇၁ ခုနှစ်မှာ ဒေါသူပုန်ထတဲ့ ဘာမင်ဂန်လူအုပ်စုဟာ ပရီစတလေကို မြို့ကနေ မောင်းထုတ်လိုက်ကြတော့ အင်္ဂလိပ်သိပ္ပံလောကအတွက် စိတ်မကောင်းစရာ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ၁၈၀၄ ခုနှစ်မှာ အမေရိကမှာပဲ ကွယ်လွန်သွားရှာပါတယ်။

ပြင်သစ်က အင်တွန်နီလဗွိုင်ဆေးယား(Antoine Lavoisier)ဟာ ၁၇၄၃-၁၇၉၄ ခုနှစ်များမှာ လောင်ကျွမ်းခြင်း၊ ဓာတ်ပြုခြင်းများမှာ




ဒြပ်ထုပမာဏအပြောင်းအလဲမရှိ၊ အတိုးအလျော့မရှိဆိုတဲ့ နိယာမကို ဖော်ထုတ်ခဲ့ပါတယ်။ ပြင်သစ်တော်လှန်ရေးကာလမှာ လူထုရဲ့ရန်သူအဖြစ်စွပ်စွဲခံရကာ ၁၇၉၄ ခုနှစ်မှာ ကွပ်မျက်ခြင်း ခံလိုက်ရပါတယ်။ ပြင်သစ်တို့ရဲ့ ဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရပြန်တယ်။

၁၇၅၄-၁၈၂၆ ခုနှစ်မှာ ကြီးပြင်းခဲ့တဲ့ Joseph Proust ဟာလည်း ဒြပ်ပေါင်းတစ်ခုမှာ ပါဝင်ဖွဲ့စည်းထားတဲ့ ဒြပ်စဉ်တို့ရဲ့အချိုးအသီးသီးဟာ တစ်သမတ်တည်းရှိနေကြောင်း တွေ့ရှိခဲ့တယ်။ Joseph Proust နဲ့ အီတလီ ဓာတုဗေဒပညာရှင် အမီဒီယိုအာဗိုဂါဒရို (Amedeo Avogadro, ၁၇၇၆-၁၈၅၆) တို့ရဲ့ တွေ့ရှိချက်တွေဟာ ဂျွန်ဒယ်လ်တန် (John Dalton) အတွက် အက်တမ်သီအိုရီကို တွေ့ရှိဖို့ဖြစ်ခဲ့ပါတယ်။

၁၈၀၃-၁၈၀၆ ခုနှစ်မှာ မန်ချက်စတာမြို့ အထက်တန်းကျောင်း သင်္ချာဆရာ ဂျွန်ဒေါလတန်ဟာ သုံးနှစ်ကြာ သုတေသနပြုလုပ်ပြီး အက်တမ်သီအိုရီကိုဖော်ထုတ်ခဲ့ပါတယ်။ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာ တိမ်မြုပ်နေခဲ့တဲ့ ဒြပ်တို့ရဲ့အခြေခံအကျဆုံး၊ အသေးငယ်ဆုံးဟာ အက်တမ်မို့စ်(Atomos) ဖြစ်တယ်ဆိုတဲ့ ဂရိဖီလော်ဆော်ဖာတို့ရဲ့ အတွေးအမြင်ကို ဒေါလတန်က သိပ္ပံနည်းကျဖော်ထုတ်သက်သေပြနိုင်ခဲ့ပါတယ်။ သိပ္ပံမှာ ပထဝီ၊ တေဇော၊ အာဘော၊ ဝါယော ဆိုတဲ့ အတွေးအခေါ်ထက်သာလွန်တဲ့ တွေ့ရှိချက်ကြီးဖြစ်ပါတယ်။ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့အခြေခံသိပ္ပံကို အခြေချနိုင်တဲ့ သဘောကို တွေ့ရပါတယ်။

၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ သိပ္ပံပညာအခြေခံတွေဟာ အကြောင်းတရား ဖြစ်ခဲ့ပါတယ်။ တရိပ်ရိပ် စက်မှုထွန်းကားလာတဲ့ ဥရောပနဲ့ အမေရိကန်နိုင်ငံတို့ဟာ စက်ရုံများမှာ မီးခိုးတလူလူနဲ့ ကုန်ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ဈေးနှုန်းသက်သက်သာသာနဲ့ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာထွန်းကားတိုးတက်တဲ့နိုင်ငံတွေဟာ ချမ်းသာလာကြပါတယ်။

**မျိုးရိုးဗီဇအစ**

"၂၀၁၉ ခုနှစ်မှာ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းကို ဝင်ဆောင့်မယ့် ဥက္ကာပျံကြီးကြောင့် ဆူနာမီ (Tsunami) လှိုင်းကြီးတွေရဲ့ ဘေးအန္တရာယ်ကို ကမ္ဘာအရပ်ရပ်ကကြုံတွေ့နိုင်တယ်။ တောမီးတွေလည်း လောင်နိုင်တယ်၊ ကနေဒါနဲ့ ဂရင်းလင်း (Green Land) တို့ ခံရဖွယ်ရှိနိုင်တယ်" လို့ ပညာရှင်တွေ ခန့်မှန်းခဲ့ပါတယ်။ ယနေ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဟာ ဥက္ကာပျံကြီးကိုယ်စား လာရော့သလားလို့ တွေးမိပါတယ်။ ကိုဗစ်- ၁၉ ရဲ့ ဖျက်ဆီးအားဟာ မည်မျှပြင်းထန်သည်ကို ကမ္ဘာအရပ်ရပ်ကသိရှိကြရာ လွန်စွာစိုးရိမ်ပူပန်ရသောကပ်ရောဂါဖြစ်တာကို တွေ့မြင်ရပါတယ်။ ဒါကို ကာကွယ်နိုင်ဖို့ဆိုရင် DNA, RNA တို့ကို အခြေပြုကြရမယ်လို့ ဆိုပါတယ်။ မျိုးရိုးဗီဇ (Genes) ဂျင်းကို စတင်တွေ့ရှိ နားလည်ခဲ့သူကတော့ ဂရီဂိုမင်ဒယ်လ် (Gregor Johann Mendel, 1822 – 1884) ဖြစ်ပါတယ်။

အေဒီ ၁၈၅၀ ပြည့်နှစ်တစ်ဝိုက်မှာ ဂရီဂိုမင်ဒယ်လ်အမည်ရှိ အော်စထရီးယန်း (Austrian) ဘုန်းကြီးတစ်ပါးဟာ ဘုရားကျောင်းဥယျာဉ်အတွင်း ပဲပင်များကို စနစ်တကျ စိုက်ပျိုးပြီး လေ့လာခဲ့တာမို့ မျိုးရိုးဗီဇကို စတင်နားလည်ခဲ့ရပါတယ်။ ၁၉၂၇ ခုနှစ်က ကမ္ဘာ့လူဦးရေ သန်းနှစ်ထောင်၊ ၁၉၉၉ ခုနှစ်က သန်းခြောက်ထောင်ကို ကျွေးမွေးနိုင်တာ စက်မှုလယ်ယာနဲ့ မျိုးရိုးဗီဇကို အခြေခံပြီး ထုတ်လုပ်တဲ့ ကောက်ပဲသီးနှံတွေကြောင့်ပဲ ဖြစ်ပါတယ်။ နည်းပညာဟာ လူသားတို့အတွက် အကျိုးပြုတယ်လို့ပြောရမှာ ဖြစ်ပါတယ်။

၁၈၅၈ ခုနှစ်မှာ မက်စ်ပလန့် (Max Plank) ကို မွေးဖွားခဲ့ပါတယ်။ ဂျာမန်ကိုင်း (Kael)တက္ကသိုလ်ကျောင်းသားဘဝ ရူပဗေဒဘာသာရပ်ကို လေ့လာလိုတဲ့ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောတဲ့အခါ ရူပဗေဒနယ်ပယ်မှာ တွေ့နိုင်စရာမှန်သမျှ အထင်ကရ တွေ့ရှိမှုများအားလုံး တွေ့ရှိထားပြီးဖြစ်ကြောင်း သူငယ်ချင်းအပေါင်းအသင်း စီနီယာများက သတိပေးခဲ့တယ်လို့ဆိုပါတယ်။ မိုးကုပ်စက်ဝိုင်းထိ လေ့လာစရာတွေဟာ မကုန်နိုင် မခန်းနိုင်တာမို့ သူ့ရဲ့မဆုတ်မနစ် လေ့လာမှုတွေကြောင့် ရူပဗေဒပညာရှင် ဖြစ်ခဲ့ပါတယ်။

၁၈၉၂ ခုနှစ်မှာ မက်စ်လပန့်ဟာ အသက် ၃၄ နှစ်အရွယ် ဘာလင် (Berlin) တက္ကသိုလ်မှာ ရူပဗေဒပါမောက္ခ ဖြစ်လာပါတော့တယ်။ ခေတ်ပြိုင်ကာလများမှာ မြန်မာဘုရင် သီပေါနဲ့ မိဖုရားမိသားစုက အိန္ဒိယနိုင်ငံ ရတနာဂီရိမှာ အကျယ်ချုပ်နဲ့ နေရတာ ခုနစ်နှစ်ပြည့်တဲ့နှစ်ပဲ။ သီပေါမင်းဟာ ထီးနန်းပြန်ရနိုးရနိုးနဲ့ မျှော်ကိုးတဲ့ သဘောရှိခဲ့ပုံပေါ်ပါတယ်။ အင်္ဂလိပ်ကလည်း ဘုရင်သီပေါမင်းနဲ့ မိဖုရားမိသားစုကို ရတနာဂီရိမှာပဲ ထားရှိခဲ့တယ်။ ဒီလိုနဲ့ သက်တော် ၅၈ နှစ်မှာ သီပေါမင်းဟာ အဲဒီမှာပဲ နတ်ရွာစံခဲ့ရပါတယ်။ မက်စ်ပလန့်နဲ့ သီပေါမင်း နှိုင်းယှဉ်တာ မဟုတ်ပါ။ သမိုင်းထဲက ခေတ်ပြိုင်အပြောင်းအလဲတစ်ခုကို တင်ပြခြင်းသာ ဖြစ်ပါတယ်။

၁၈၆၉ ခုနှစ်မှာ လီယိုတော်စ်တွိုင်းရေးခဲ့တဲ့ စစ်နဲ့ငြိမ်းချမ်းရေး (War and Peace)၊ ၁၈၇၈ ခုနှစ်မှာ အင်နာကရင်နီနီနာစာအုပ်တို့ဟာ ဂန္ထဝင်မြောက်ဖြစ်ခဲ့ပါတယ်။ မင်းတုန်းမင်း၊ သီပေါမင်းတို့ အုပ်ချုပ်တဲ့ခေတ် ဖြစ်ပါတယ်။

ကင်းဝန်မင်းကြီးဟာ ၁၉၀၈ ခုနှစ် သက်တော် ၈၆ နှစ်၊ လီယိုတော်စ်တွိုင်းဟာ အသက်၈၂ နှစ် ၁၉၁၀ ပြည့်နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ကင်းဝန်မင်းကြီးနဲ့ မရှေးမနှောင်းပဲဖြစ်တယ်။ ကင်းဝန်မင်းကြီးဟာလည်း တကယ့်အထင်ကရ စာဆိုတော်၊ စာပေပညာရှင်ဖြစ်ခဲ့ပါတယ်။ စာပေပညာရှင်တို့ဟာ လူသားတို့အတွက် အကျိုးပြုခဲ့ကြပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကျောက်ဆည်မြို့နယ်၌ ဈေးကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီး

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအုပ်စု ဈေးကုန်းကျေးရွာ၌ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပေးရာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ၊ လုပ်အားငွေကျပ် ၅၃ သိန်း စုစုပေါင်းငွေကျပ် ၁၅၃ သိန်း အကုန်အကျခံကာ အရှည် ၆၆၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းဖြစ်ကြောင်းနှင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးသောကြောင့် လမ်းများမြို့ပြနှင့်မခြားဖြစ်လာပြီး ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၊ ရဟန်းသံဃာများသွားလာရာတွင် များစွာ အဆင်ပြေမည်ဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးမျိုးထွန်းက ပြောသည်။

ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ရာတွင် အရည်အသွေးပြည့်ဝစေရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက ဈေးကုန်းကျေးရွာမှအိမ်ခြေ ၁၆၀၊ လူဦးရေ ၈၃၆ ဦးတို့ ကူးလူးဆက်သွယ်ရာတွင် ပိုမိုမြန်ဆန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၀ | ၂၅၄၀ | ၂၅၃၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၄၅ | ၂၅၂၅ | ၂၆၁၅ | ၂၆၃၀ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၇၉၅ | ၂၈၈၅ |
| 95 Ron | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၆၀၀ | ၂၆၉၅ | ၂၇၃၀ | ၂၆၀၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၇၅ | ၃၀၅၀ |
| HSD (500 ppm) | ၃၀၅၅ | ၃၁၀၅ | ၃၀၉၅ | ၃၀၆၅ | ၃၁၀၀ | ၃၁၂၅ | ၃၁၂၀ | ၃၀၉၀ | ၃၂၀၅ | ၃၂၀၀ | ၃၀၉၅ | ၃၁၀၀ | ၃၁၄၀ | ၃၁၄၀ | ၃၁၄၀ | ၃၃၆၀ | ၃၄၈၀ |
| HSD (50 ppm) | ၃၁၃၅ | ၃၁၈၅ | ၃၁၈၀ | ၃၁၄၅ | ၃၁၈၀ | ၃၂၀၅ | ၃၂၀၀ | ၃၁၇၀ | ၃၂၈၅ | ၃၂၈၀ | ၃၁၇၅ | ၃၁၈၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၂၀ | ၃၄၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၃၁၃၅ | ၃၁၈၅ | ၃၁၈၀ | ၃၁၄၅ | ၃၁၈၀ | ၃၂၀၅ | ၃၂၀၀ | ၃၁၇၀ | ၃၂၈၅ | ၃၂၈၀ | ၃၁၇၅ | ၃၁၈၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၂၀ | ၃၄၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၉ | ၂၄၆၀ |
| 95 Ron | ၂၄၅၅ | ၂၅၃၇ |
| HSD (500 ppm) | ၂၉၃၀ | ၃၀၁၉ |
| HSD (50 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (10 ppm) | ၃၀၀၆ | ၃၀၉၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တရားမဝင်သယ်ဆောင်လာသော မီးသွေးအိတ် ၂၇၁ အိတ် သစ်တောဥပဒေနှင့်အညီ အရေးယူ

နေပြည်တော် ဩဂုတ် ၂၄

**တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ် (၅၆၆) မှ နယ်မြေရှင်းလင်းတိုက်ကင်းလှည့်စဉ် ကော့သောင်းခရိုင် ကျွန်းပြားကြီးကျွန်း အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာတွင် တရားမဝင် ငါးဖမ်းရေယာဉ်တစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့မှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ ထိုင်းနိုင်ငံထုတ် "ပျား" တံဆိပ် စားအုန်းဆီပုံး ၁၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)၊ ထိုင်းနိုင်ငံထုတ် အသင့်စားကြာဆံထုပ် ဖာ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan အမျိုး အစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၆၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။**

ထို့အတူ ဩဂုတ် ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကံမမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်ခွဲသား ၂၂ ဒသမ ၅၄၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၃၀၈၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မင်းလှမြို့နယ်အတွင်း ရေနံစိမ်း ၄၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၇၄၉၀၈၀ )ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်ခွင့်ပြုချက်မရှိ ကုန်ပစ္စည်းရောက်ရှိသည့်ရက် ၉၂ ရက်ဖြစ်ပေါ်သည့် လုပ်ငန်းသုံးစက်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၃၅၂၅၀) နှင့် လိုင်စင်ခွင့်ပြုချက်မရှိ ကုန်ပစ္စည်းရောက်ရှိသည့်ရက် ၆၅ ရက်ဖြစ်ပေါ်သည့် X-ray စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၅၂၅၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့မီးပွိုင့်အနီး၌ တရားမဝင် ကျွန်းပါကေး (အကြမ်းတုံး) ၀ ဒသမ ၉၁၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၇၃၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan AD Van အမျိုးအစား မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၀၀၇၃၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Lady Shoe အစုံ ၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရတနာပုံတံတား တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး စုပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော မီးသွေးအိတ် ၂၇၁ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၁၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၁၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၈ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၆၈၄၀၆၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား ရာထူးမှယာယီရပ်ဆိုင်းရန် ကြေညာ

ဘန်ကောက် ဩဂုတ် ၂၄



ထိုင်းဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးက ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ၏ ဝန်ကြီးချုပ်ရာထူးကို ယာယီရပ်ဆိုင်းရန် ဩဂုတ် ၂၄ ရက်က ကြေညာခဲ့သည်။

ပရာယွတ်၏ ရှစ်နှစ်သက်တမ်းသည် မည်သည့်အချိန်တွင် ပြီးဆုံးသင့်သည်နှင့် ပတ်သက်သည့် အသနားခံစာကို အတိုက်အခံ ပါတီများက တင်သွင်းလိုက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် မွေးဖွားသည့် ပရာယွတ်သည် ၂၀၁၄ ခုနှစ် အာဏာသိမ်းပြီးနောက် ကြားဖြတ် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။ ထို့နောက် ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ထိုင်းနိုင်ငံ၏ ၂၉ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် တရားဝင် အတည်ပြုထောက်ခံခဲ့သည်။

ပရာယွတ် ထောက်ခံသူများက ပရာယွတ်၏ရာထူးသက်တမ်းသည် ၂၀၁၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည့်အချိန်ကျမှသာ စတင်သင့်ကြောင်း၊ သို့မဟုတ်ပါကလည်း ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲကောမှရင် ပြီးပြီးချင်း အရပ်သားအစိုးရကို ဦးဆောင်ရန် ပရာယွတ်ကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်သည့် အချိန်ကျမှသာ စတင်သင့်ကြောင်း စောဒက တက်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး၏ ကြေညာချက်ထွက်ပေါ်လာပြီး နာရီအနည်းငယ် ကြာပြီးနောက် လက်ရှိ အစိုးရပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပါချိုင်ဆရီက ပရာယွတ်သည် ဆုံးဖြတ်ချက်ကို လေးစားကြောင်းနှင့် ဝန်ကြီးချုပ် ရာထူး ထမ်းဆောင်နေခြင်းကို ဩဂုတ် ၂၄ ရက်မှစပြီး ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းသည် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကာလတွင် ဒုတိယဝန်ကြီးချုပ် ပရာဝစ်ဝေါင်စုဝန်က ကြားဖြတ် ဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း အနူချာက ပြောသည်။

ဆင်ဟွာ

# ဆိုမာလီနိုင်ငံ၌ ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာများ ပံ့ပိုးဆောင်ရွက်နိုင်ရန် ကန်ဒေါ်လာ ၉ ဒသမ ၈ သန်းအရေးပေါ်လိုအပ်လျက်ရှိကြောင်း ယူအင်န်အိတ်ချ်စီအာရ်ပြော

မိုဂါဒစ်ရှူး ဩဂုတ် ၂၄

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဆိုမာလီနိုင်ငံတွင် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာများကို ပံ့ပိုးဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်း အရေးပေါ် လိုအပ်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

ဆိုမာလီနိုင်ငံတစ်ဝန်း အစားအစာနှင့် အာဟာရအကျပ်အတည်းကြောင့် ကလေးငယ်ပေါင်း ၂ ဒသမ ၃ သန်း အကြမ်းဖက်ခံရမှု အန္တရာယ်၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရမှု အခြေအနေ၊ အလွဲသုံးစားခံရမှု အခြေအနေ၊ အာဟာရချို့တဲ့မှုကြောင့် သေဆုံးနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ဩဂုတ် ၂၃ ရက်က ထုတ်ပြန်လိုက်သည့် ဆိုးရွားသည့် မိုးခေါင်ရေရှား ဖြစ်နေချိန်တွင် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇူလိုင်ကတည်းက ဆိုးရွားသည့် မိုးခေါင်ရေရှားဖြစ်မှုကြောင့် လူ ၇ သန်းကျော် ဘေးဒုက္ခရောက်ခဲ့ကြသည်။ မိုးခေါင်ရေရှားဖြစ်မှုကြောင့် တစ်သန်းခန့် ၎င်းတို့၏ အိမ်များမှ ပြောင်းရွှေ့ခဲ့ကြရသည်။ ၎င်းတို့အနက် ၆၆ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အဖွဲ့အစည်းက သမိုင်းတစ်လျှောက် ငါးကြိမ်မြောက် မိုးခေါင်ရေရှား ကြုံတွေ့ခဲ့သည့် မိုးရာသီဖြစ်ကြောင်းနှင့် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရေရှားပါးမှုတို့ကို ကြုံတွေ့နိုင်ကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

# အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ ကျော်အထိ ရှိလာ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၄

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) မှ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်အရ အမေရိကန်နိုင်ငံသည် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ၁၅၀၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် စီဒီစီက ထုတ်ပြန်လိုက်သောအဆိုပါအချက်အလက်များတွင် ဩဂုတ် ၂၂ ရက်အထိ အမေရိကန်နိုင်ငံ တစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ စုစုပေါင်း အရေအတွက်သည် ၁၅၄၃၃ ဦးအထိ ရှိလာကြောင်း ဖော်ပြထားသည်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအနက် နယူးယောက်ပြည်နယ်သည် ကူးစက်ခံရသူ ၂၉၁၀ ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကယ်လီဖိုးနီးယားပြည်နယ်က ၂၆၆၃ ဦးနှင့် ဖလော်ရီဒါပြည်နယ်က ၁၅၈၈ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံသည် ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု အများဆုံးနိုင်ငံအဖြစ် ရှိနေပြီး သမ္မတဘိုင်ဒင် ဦးဆောင်သော အစိုးရအဖွဲ့သည် မျောက်ကျောက်ရောဂါဖြစ်ပွားမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်ရလျက်ရှိနေသည်။

ဆင်ဟွာ




# ဩဂုတ် ၂၄ ရက်က အာကာသထဲသို့ ဂြိုဟ်တုတစ်စင်း တရုတ် လွှတ်တင်

တိုင်ယွမ် ဩဂုတ် ၂၄

တရုတ်နိုင်ငံသည် Long March-2D သယ်ဆောင်ရေးဒုံးပျံဖြင့် Coded Beijing-3B ဂြိုဟ်တုတစ်စင်းကို ဩဂုတ် ၂၄ ရက်က အာကာသထဲသို့ လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ဂြိုဟ်တုကို ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီ ၀၁ မိနစ်တွင် နိုင်ငံမြောက်ပိုင်း ရှန်းရှီးရှိ တိုင်ယွမ် ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဂြိုဟ်တုကို မြေယာအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင် စောင့်ကြည့်မှုနှင့် မြို့ပြအသုံးချမှု စသည့်နယ်ပယ်များ၌ အဝေးထိန်းအာရုံခံနစ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှတ်တင်မှုသည် Long March သယ်ဆောင်ရေးဒုံးပျံများ၏ ၄၃၄ ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။ ထို့အပြင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဇွန် ၁၁ ရက်ကလည်း Beijing-3A ဂြိုဟ်တုကို အာကာသထဲသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၈၀ တွေ့ရှိ၊ ၅၀ သေဆုံး

မနီလာ ဩဂုတ် ၂၄

ဖိလစ်ပိုင်နိုင်ငံသည် ဩဂုတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၈၀ ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူအရေအတွက် ၃၈၆၄၀၇၄ ဦးအထိ ရှိလာပြီဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ အရေအတွက်သည် ၃၀၂၅၀ သို့ ကျဆင်းခဲ့ကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၀ ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။ အဆိုပါ သေဆုံးမှုအရေအတွက်သည် မေ ၁ ရက်နောက်ပိုင်း အများဆုံးသေဆုံးသည့် ပမာဏဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၆၁၄၇၆ ဦး အထိ ရှိလာပြီဖြစ်သည်။

လူဦးရေ ၁၃ သန်းကျော်ရှိသော မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၂၁၂ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၉၁ ဦး စစ်ဆေးတွေ့ရှိ

ဟနွိုင်း ဩဂုတ် ၂၄

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၉၁ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် ဩဂုတ် ၂၃ ရက်က တွေ့ရှိမှုထက် ၃၁၉ ဦးတိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း စုစုပေါင်းသေဆုံးသူ အရေအတွက်သည် ၄၃၁၀၈ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို “ထွက်ကုန်မြင့်တင် တိုးထုတ်လျှင်၊ ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ၊ လူတိုင်းစေ့င ရရှိကြ” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပနိုင်ရေးကြိုးပမ်း



နေပြည်တော် ဩဂုတ် ၂၄

**၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အစည်းအဝေးသို့ အခမ်းအနားကျင်းပရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အနှစ်သာရပေါ်လွင်စွာ ကျင်းပ**

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကျင်းပရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အဓိကပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုသိသိသာသာတိုးတက်လာစေရန် နိုင်ငံတော်က ချေးငွေကျပ် ဘီလီယံ ၁၇၀ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးအပါအဝင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးမြှင့်ရေးကို အလေးထားပြီး ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးသာမက စားနပ်ရိက္ခာ လိုအပ်ချက်ရှိနေသည့် ဒေသများနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ တောင်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၄၂) ကြိမ်မြောက် ကျင်းပပြုလုပ်မည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို “ထွက်ကုန်မြင့်တင် တိုးထုတ်လျှင်၊ ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ၊ လူတိုင်းစေ့င ရရှိကြ” ဟူသော ဆောင်ပုဒ်နှင့်အညီ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပေါ်လွင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက ပူးပေါင်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

**လုပ်ငန်းစဉ်အလိုက် ဆွေးနွေး**

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကျင်းပရေး ဗဟိုအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြကြရာ အစည်းအဝေးတက်ရောက် လာကြသူများက လုပ်ငန်းစဉ် တစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန (ရှမ်းအရှေ့) မှ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးနှင့် အခြားဘာသာရေးကျောင်းများသို့ ကိုဗစ်ကာလ ကြုံတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် စားသောက်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ကျိုင်းတုံ) ကွပ်ကဲမှုအောက်ရှိ မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးဆန်းညွှန့်ဆွေနှင့် ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့နယ် ဝမ်ဟွေဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ သွားရောက်လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ခေါ်ယူခြင်း

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပထမနှစ်သင်တန်း တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာများကို (၂၆-၈-၂၀၂၂) ရက် (သောကြာနေ့) မှစ၍ ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်သေတ္တာ အမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ **student-affairs@yau.edu.mm** သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပုံစံများကို မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် တက္ကသိုလ် website **www.yau.edu.mm/event** တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

# စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် (ဒုတိယနေ့) စာပေဟောပြောပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်(၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် (ဒုတိယနေ့) စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားခရိုင် ကုန်သည်လမ်းနှင့်(၃၇)လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ဆက်လက်ကျင်းပရာ ဟောပြောပွဲသို့ စာရေးဆရာကြီးများ၊ ဆရာမကြီးများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။ **(ဓာတ်ပုံ)**



ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာတည်းမှူးချုပ် ဦးတိုးကျော်က စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအခမ်းအနား ကျင်းပရန်အတွက် ဆောင်ရွက်နေမှုများနှင့် စာပေဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နံနက်ပိုင်း စာပေဟောပြောပွဲကို ကျင်းပရာ “အဆင့်အတန်းမြင့်သော စွယ်စုံကျမ်း ပြုစုထုတ်ဝေခြင်း” ခေါင်းစဉ်ဖြင့် ဆရာ ဦးအေးကျော်မင်း (မြန်မာစာ၊ မြန်မာစကား သုတေသီ)၊ ဆရာ ဦးကျော်ဦး (ပါရမီစာပေ)၊ ဆရာ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) တို့က ဟောပြောကြပြီး မွန်းလွဲပိုင်း စာပေဟောပြောပွဲတွင် “စာပေဗိမာန် အစွန့်ရှည်တည်တံ့ခိုင်မြဲရေး” ခေါင်းစဉ်ဖြင့် ဆရာ ဦးမောင်လှိုင် (မောင်ဆွေငယ်)၊ ဆရာမ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဆရာ ဦးညွှန့်ဟံ (ကြူတော)တို့က ဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ကျင်းပသည့် စာပေဟောပြောပွဲသည် ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး အဆိုပါ စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားကို ဩဂုတ် ၂၆ ရက်တွင် စာပေဗိမာန်၌ ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❑ ကျောဖုံးမှ

ကစားသမားသစ်အချို့ အသုံးပြုခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး ဂျူနီယာက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ GFA အသင်းမှာမူ ယခုရှုံးပွဲကြောင့် တန်းဆင်းဇုန်အတွင်း ဆက်ရှိနေပြီး ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အသစ်ခေါ်ယူထားသည့် ဘရာဇီးတိုက်စစ်မှူး ဂျူနီယာကို ပွဲထွက်လူစာရင်းတွင် အသုံးပြုကာ ပြည်တွင်းအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ GFA အသင်းမှာမူ နိုင်ငံခြားသားကစားသမားများကို အမာခံထားကာ ပြည်တွင်းကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့်ခဲ့ပြီး ပွဲအစ ၁၅ မိနစ်မပြည့်မီမှာပင် အနိုင်ဂိုးနှစ်ဂိုးရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၈ မိနစ်တွင် ကျော်ဖြိုးဝေနှင့် ၁၄ မိနစ်တွင် ဂျူနီယာတို့က သွင်းယူခဲ့သည်။ ဂျူနီယာသည် ပထမဆုံးပွဲမှာပင် ဂိုးသွင်းယူနိုင်သော်လည်း အခွင့်အရေးများစွာ အသုံးမချနိုင်ခဲ့ပေ။ GFA အသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးပြန်ရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ရန်ကုန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ပိုမိုဖိကစားနိုင်ခဲ့ပြီး ဂိုးထပ်မံရနိုင်မည့် အခွင့်အရေးကို ဂျူနီယာ၊ စအောင်ပြည့်ကိုတို့ အသုံးမချနိုင်ခဲ့ပေ။ GFA အသင်းသည် ချေပဂိုးပြန်လည်မသွင်းယူနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။ ပထမအကျော့ပွဲအားလုံး ကစားအပြီးတွင် ရန်ကုန်အသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၉ မှတ်၊ GFA အသင်းက နှစ်ပွဲနိုင်၊ ခုနှစ်ပွဲရှုံး ရမှတ် ခြောက်မှတ် ရရှိထားသည်။

ပထမအကျော့နောက်ဆုံးပွဲအဖြစ် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ဩဂုတ် ၂၅ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဩဂုတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိ

**(၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၀၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၈) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆၃) ဦးအနက် (၄၀) ဦး၊ (၆၃.၄၉) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၃) ဦး၊ (၃၆.၅၁) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၄၀) ဦး | (၆၃.၄၉) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၃) ဦး | (၃၆.၅၁) % |
| စုစုပေါင်း | (၆၃) ဦး | (၁၀၀) % |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၉၁,၈၅၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၈၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၃၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၃၁,၇၀၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၁၈,၅၃၅) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၂၃-၈-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၃၁,၇၀၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၃၁၈,၅၃၅ |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေမြို့နယ်၌ **(အပေါ်ယာပုံ)** ဒေသခံပြည်သူ ၈၉ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၃၃၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၄၆၇၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၈၀၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ



ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၅၀၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၃၃၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၁၉၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေများပေးအပ်

**ရပ်စောက် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ရေးအစီအစဉ် (MCCT) အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက လွယ်ကိုးကျေးရွာအုပ်စု ပါပင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စုမှ ကိုယ်ဝန်ဆောင်မိခင် ၁၅၁၆ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၃၃၂၀ အတွက် ထောက်ပံ့ငွေကျပ် ၂၀၆၈၃၅၀၀၀ ကို ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လွယ်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၃၃ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၄၁ ဦးကို ထောက်ပံ့ငွေကျပ် ၃၁၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိနေသေးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်၍ **NP News Agency မှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ငြိမ်းချမ်းရေးဆွေးနွေးပွဲ မတက်ဘူးဆိုသည့် EAO များ၏ မီဒီယာများ၌ ဖော်ပြထားသည့် စကားများကိုကြည့်လျှင် ၎င်းတို့ သုံးနှုန်းထားသည့် စကားလုံးအသုံးအနှုန်းများသည် အလွန်အကျွံဖြစ်နေသည်ကို တွေ့ရကြောင်း၊ ယင်းအတွက်ကြောင့် မလာနိုင်ဘူးဟုဆိုသည့် ထင်မြင်မှုရှိ၊ မရှိနှင့် ယင်းအသုံးအနှုန်းများအပေါ် တပ်မတော်အနေဖြင့် အဘယ်ကြောင့် သည်းခံ၍နေနိုင်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တစ်ခါတစ်ရံ၌ တချို့သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့ သုံးနှုန်းထားသည့် စကားလုံးအသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို ၎င်းတို့ကိုယ်တိုင်မသိသည့် အချိန်များ ရှိကြောင်း၊ ဥပမာအနေဖြင့် ဗကပအဖွဲ့က သုံးနှုန်းသွားသည်ကို ကြည့်လျှင်သိနိုင်ကြောင်း၊ မိမိခန့်မှန်းပြောရလျှင် ၁၉၇၀၊ ၁၉၇၁ ခုနှစ်ခန့်တွင် ၇၆ လမ်းစဉ်ကို ချမှတ်ခါနီးအချိန်တွင် ပြောခဲ့ခြင်းဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသတွင် ၎င်းတို့ရှုံးနိမ့်မည့် အရိပ်အယောင် စတင်၍မြင်တွေ့ရသည့် အချိန်၌ ဗဟိုကော်မတီဝင်များကို ဗကပ၏စစ်ရေး၊ နိုင်ငံရေးနှင့်ပတ်သက်၍ မည်သည့်အခြေအနေအတိုင်းအတာအထိ ရောက်နေသည်ကို တိတိကျကျ ပြောပေးရန် လက်အောက်ကလူများက မေးကြကြောင်း၊ ဗကပခေါင်းဆောင်ကလည်း လုံးဝ တိတိကျကျ ပြောခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် မတ်လ နောက်ပိုင်းကာလသည် ၎င်းတို့၏ ပထမဒီရေမြင့်တက်လာသည့်ကာလဖြစ်ကြောင်း၊ "နောင်ဖြစ်ပေါ်လာမည့် ဒုတိယ ဒီရေမြင့်တက်ကာလ၏ ကြားထဲတွင် ရှိသောအချိန်လို့ သတ်မှတ်တယ်" ဟု ပြောကြောင်း၊ ယင်းစကားလုံးအသုံးအနှုန်းမှာ မည်သည်ကိုဆိုလိုသည်ကို မသိကြောင်း၊ ယင်းအဓိပ္ပာယ်နှင့် ပတ်သက်သည့်စကားမျိုး ပြောဆိုသည့် အဖွဲ့တချို့ရှိကြောင်း၊ ၎င်းအဖွဲ့များ၏ စကားလုံးအသုံးအနှုန်းများကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် အထက်မှာပြောခဲ့သည့် စကားလုံးများကဲ့သို့ ပြောနေသူများရှိကြောင်း။

အခြားတစ်ခုမှာ ဘက်စုံမျှော်ကိုးမှုဖြစ်ကြောင်း၊ ယခင်က တချို့ EAO အဖွဲ့များသည် နောက်ကွယ်မှ အားပေးထောက်ခံမှုဖြစ်သည့် ပြည်ပ၏ အားပေးထောက်ခံမှုမရှိသည့်အချိန်များတွင် လေသံများ ပြောင်းလဲသွားကြသည်ကို တွေ့ရကြောင်း၊ ယခုအချိန်ကဲ့သို့ ဝိုင်းဝန်းထောက်ပံ့သည့် အချိန်များတွင် လေသံများတစ်မျိုးဖြစ်လာကြကြောင်း၊ KNU အဖွဲ့အတွင်း၌ပင် KNU ကို စိတ်မချလို့ဟုဆို၍ ကော်သူလေး Army ဆိုသည့်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၎င်းတို့ပြောနေသည့်စကားများကို သတင်းထောက်ကြီးတို့လည်းအမြင်ပင် ဖြစ်ကြောင်း၊ တိုက်ပွဲများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက နောက်ဆုံးလာခဲ့သည့် SSPP အဖွဲ့က မိမိတို့နှင့် လာရောက်ဆွေးနွေးနေသည့်အချိန်၌ SSPP အဖွဲ့မှ အလယ်အလတ်အရာရှိ အဆင့်ရှိသူတစ်ဦးက နိုင်ငံခြားသတင်းဌာနများကို ဆက်သွယ်၍ ၎င်း၏အင်တာဗျူးကိုထည့်ပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ ၎င်း၏အင်တာဗျူးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ သွားရောက်နေသည့်အဖွဲ့သည် SSPP ကို ကိုယ်စားမပြုကြောင်းနှင့် ၎င်းအနေဖြင့် သဘောမတူကြောင်းကိုပြောမည်ဖြစ်ကြောင်း၊ Ethic စောင့်စည်းသော သတင်းဌာနများအနေဖြင့် ၎င်းတစ်ဦးတည်း၏ ထင်မြင်ချက်ဖြစ်သောကြောင့် ထည့်မပေးကြကြောင်း၊ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြနေသည့် သတင်းဌာနများလည်းရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ မှတ်တမ်းဓာတ်ပုံ။

ထို့ကြောင့် တချို့သော မီဒီယာများတွင် မြင်တွေ့နေရသည့် သတင်းများအနက် တချို့သည် ၎င်းတစ်ယောက်တည်း၏ ထင်မြင်ချက်ဖြစ်ကြောင်း၊ တချို့ကလည်း အဖွဲ့အစည်းကို ကိုယ်စားပြုသည်ဟု ဆိုကြကြောင်း၊ သို့သော် အဖွဲ့အစည်းကိုကိုယ်စားပြုသည်ဟုဆို သည်မှာလည်း လက်ခံရန်ခက်ခဲကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့အနေဖြင့် လက်နှစ်ဖက်ဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားကြောင်း၊ မီဒီယာများ၏ ဖော်ပြချက်များနှင့် ပြောဆိုသည်များအတိုင်း လိုက်၍လုပ်ဆောင်ကြမည်ဆိုပါက မြန်မာနိုင်ငံ၌ မည်သည့်အချိန်တွင်မျှ ငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ ယခုအချိန်ထိ "ငြိမ်းချမ်းစွာနေထိုင်လိုသည့် ဦးနုကို ကြံတောပို့ခြင်းသည်သာ ကောင်းသည်ဟုဆိုပြီး ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ဆိုရှယ်လစ်အရိုးများ ဗားကရာချောက်ထဲတွင် ပြည့်သွားမည်" ဟုဆိုသော စကားလုံးများကို အထအနကောက်နေမည်ဆိုလျှင် မြန်မာ့ငြိမ်းချမ်းရေးသည် တစ်သက်လုံးမဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းစကားလုံးများအပေါ်တွင် နာကျင်နေမည့်အစား လက်တွေ့ဆန်းစစ်၍ လုပ်ဆောင်ခြင်းသည်သာ ကောင်းသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းထောက် ဦးမောင်မောင်ထွန်း**က ဈေးကွက်စီးပွားရေးစနစ်ကို အကြောင်းပြု၍ ကုန်သည်များသည် ဈေးတင်၍ ရောင်းချနေကြကြောင်း၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်ခြင်း၊ စားအုန်းဆီများ ဈေးနှုန်းမြင့်တက်ခြင်း၊ ဆေးဝါးများ ဈေးနှုန်းမြင့်တက်ခြင်းတို့အပေါ် မည်ကဲ့သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ အခြားတစ်ခုမှာ ဂျပန်နိုင်ငံသား Toru Kubota ကို ယခင်အပတ်က ဆန္ဒပြသည့်နေရာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၅၀၅(က)၊ Visa စည်းကမ်းဖောက်ဖျက်မှုတို့ဖြင့် တရားစွဲဆိုထားသည်ဟု သိရကြောင်း၊ ၎င်းကို ပြန်လွှတ်မည်ဟုဆိုသည့် သတင်းများလည်း ကြားနေရကြောင်း၊ ၎င်း၏အခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက မိမိတို့အနေဖြင့် စားအုန်းဆီနှင့် ပတ်သက်၍လည်းကောင်း၊ စက်သုံးဆီနှင့် ပတ်သက်၍လည်းကောင်း ဈေးနှုန်းများ မြင့်တက်နေသည်ကို သိရကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ဖြစ်သောကြောင့် ပြောဆို၍မလွယ်ကြောင်း၊ သို့သော် အလွန်အကျွံဖြစ်လာလျှင် ထိန်းရမည်ဖြစ်ကြောင်း၊ တချို့သော အခြေခံစားသောက်ကုန်များကို မိမိတို့နိုင်ငံတွင် ထုတ်လုပ်ကြကြောင်း၊ ပြည်ပတင်ပို့သည်မှာလည်း အကန့်အသတ်ဖြင့်သာ တင်ပို့ခိုင်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တတ်နိုင်သည့်ကဏ္ဍများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အလွန်အကျွံပြုလုပ်ပါက ကုန်သွယ်မှုနှင့် ဈေးကွက် စီးပွားရေးစနစ်အပေါ် ထိခိုက်မည်ကိုစိုးရိမ်ကြောင်း၊ မိမိတို့အနေဖြင့် ထုတ်ကုန်များ မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုကြောင်း။

ဂျပန်နိုင်ငံသားနှင့် ပတ်သက်၍ပြောရလျှင် ၎င်းသည် မြန်မာနိုင်ငံသို့ ခရီးသွား Visa ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထောက် Visa ဖြင့် လာရောက်ခြင်းမဟုတ်ကြောင်း၊ ၎င်းအနေဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရန်ကုန်တွင် ဆန္ဒပြသူများနှင့် တောက်လျှောက်ချိတ်ဆက်၍ ဆန္ဒပြသည့်အထဲ၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ကိစ္စနှင့် ပတ်သက်၍ ဂျပန်အောက်လွှတ်တော်အမတ်လာချိန်၌လည်း မိမိတို့ဘက်က ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းကို တရားစွဲတင်ထားကြောင်း၊ ယမန်နေ့ကဆိုလျှင် ဂျပန်မီဒီယာများက မိမိထံသို့ ဖုန်းများ ဆက်တိုက်ဆက်သွယ်ကြကြောင်း၊ ဂျပန်နိုင်ငံသားများက ဖိအားပေးနေသောကြောင့်ဖြစ်မည်ဟု ထင်မြင်မိကြောင်း၊ သတင်းအမှားများကို တောက်လျှောက်ထုတ်လွှင့်နေကြကြောင်း၊ ပျံ့နှံ့နေသည့် ကောလာဟလများတွင် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ဂျပန်အောက်လွှတ်တော်အမတ်ကို ကတိ ပေးခဲ့သောကြောင့် ၎င်းကို အမြန်ဆုံးစစ်ဆေးမည်ဖြစ်ကြောင်း၊ ၎င်းကို လေယာဉ်ဖြင့် ပြန်ပို့မည်ဟုဆိုသည့် ကောလာဟလများကြောင့် ဂျပန်မီဒီယာများအနေဖြင့် လေယာဉ်ကွင်းပဲ ပြေးရမလိုလို၊ ဟိုကိုပဲပြေးရမလိုလို ဖြစ်နေကြကြောင်း။

မိမိတို့အနေဖြင့် ၎င်းကို အမှု ၃ မှု ဖြင့် တရားစွဲဆိုရန် စီစဉ်ထားကြောင်း၊ နံပါတ်တစ် Visa ဖောက်ဖျက်မှု၊ နံပါတ် နှစ်အမှုမှာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့်အတွက် ၅၀၅(က)၊ နံပါတ်သုံး အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြစ်ပြီး တရားမစွဲရသေးကြောင်း၊ ယင်းအချက်များထဲမှ Visa ဖောက်ဖျက်မှုကို ရုံးတင်တရားစွဲဆိုပြီးဖြစ်ကြောင်း၊ နံပါတ်နှစ်အမှုကိုလည်း တရားစွဲဆိုရန် လုပ်ဆောင်နေကြောင်း၊ နံပါတ်သုံးအမှုကို လေ့လာဆန်းစစ်နေပြီး လွှတ်ခြင်း၊ မလွှတ်ခြင်းသည် ယင်းအမှုပြီးပြတ်မှသာ ဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က အောက်လွှတ်တော်အမတ်ကို ပြောလိုက်သည့် စကားမှာ ၎င်းတစ်ဦးတည်းနှင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပတ်သက်၍ ခွင့်မလွှတ်နိုင်စရာမရှိကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်များက မြန်မာတွေအပေါ် ကျူးလွန်သည့် ပြစ်မှုများကိုပင် သင်ပုန်းချေထားကြောင်း၊ သို့သော် ၎င်းအနေဖြင့် ဥပဒေအရ တရားစွဲဆိုစီရင်ခံရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခင်က ဂျပန်သတင်းထောက်တစ်ယောက် ဆန္ဒပြပွဲ၌ ပါဝင်ခြင်းမရှိဘဲ ဓာတ်ပုံရိုက်နေကြောင်း၊ သတင်းထောက် Visa ဖြင့်လည်း လာရောက်ခြင်းဖြစ်ပြီး သတင်းထောက်အစစ်လည်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုမူ ၎င်းသည် မြန်မာနိုင်ငံသို့ Tourist Visa ဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ပကတိအမှန်ပြောရလျှင် လက်ရှိတရားစွဲဆိုခြင်းခံထားရသည့် ဂျပန်လူမျိုးသည် မြန်မာနိုင်ငံသို့ ယခင်ကလည်း ယခုကဲ့သို့ပင် ခိုးဝင်ခဲ့ကြောင်း၊ ခိုးဝင်ပြီး ရခိုင်ဘက်သို့ သွား၍ ဘင်္ဂါလီများအကြောင်းကို Sympathy Trip ဟုခေါင်းစဉ်တပ် အကြောင်းပြဇာတ်လမ်းတိုရိုက်ပြီး မဟုတ်က ဟုတ်ကများကို ဂျပန်၌ ပြသခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ဖော်ထုတ်မှုမျှ မလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် တရားဥပဒေဖြင့် စီရင်ခံရမည်ဖြစ်ကြောင်း၊ လွှတ်ခြင်း/ မလွှတ်ခြင်းမှာ အထက်ကပြောခဲ့သကဲ့သို့ဖြစ်ကြောင်း၊ စကားကုန်ပြောခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုတွင် ယခုကဲ့သို့ စည်းကမ်းမဲ့လုပ်ရပ်မျိုးကို မည်သည့်နိုင်ငံမျှ လက်ခံမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မိမိအနေဖြင့် ပထမဦးဆုံးမေးလိုသည့်မေးခွန်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြစ်သည့် ပြည်သူလူထုပူးပေါင်းပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကြမ်းဖက်အန္တရာယ် အမှန်တကယ်ကျရောက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော ဒေသများတွင် အမျိုးသမီးများပါမကျန် အားတက်သရောပါဝင်ကြသည်ကို တွေ့ရပါကြောင်း၊ ယင်းသည် အောင်မြင်နိုင်ချေရှိသော အခြေအနေတစ်ရပ်ဖြစ်ပြီး ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း၊ တစ်ဖက်၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် လက်နက်မဲ့ ဖြစ်နေသောကြောင့် အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ်များဖြစ်လာကြောင်း၊ ရန်ကုန်မြို့တွင်လည်း အုပ်ချုပ်ရေးမှူးများ အဓိကပစ်မှတ်ထားခံရကြောင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ကဲ့သို့သော နေရာ၌ပင် အုပ်ချုပ်ရေးမှူးအိမ် ဗုံးပစ်ခံရကြောင်း၊ ခေတ်အဆက်ဆက်ကို ပြန်ကြည့်လျှင် အင်္ဂလိပ်အစိုးရလက်ထက်၌ အခြေအနေအရ ရပ်ရွာလူကြီးများကို လက်နက်တပ်ဆင်ပေးထားကြောင်း၊ လွတ်လပ်ရေးရပြီးခေတ်တွင်လည်း ရှိခဲ့ကြောင်း၊ ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ အုပ်ချုပ်ရေးမှူးများ၌ ခုခံကာကွယ်ရန် လက်နက်မရှိကြောင်း၊ အုပ်ချုပ်ရေးမှူးအိမ်ကို သွားမည်ဆိုလျှင် နှစ်လုံးပြူးသေနတ်ဖြင့် လိုက်ခံရနိုင်သည်ကို PDF များအား အသိပေးနိုင်ရုံမျှဖြင့် အုပ်ချုပ်ရေးမှူးများ အသတ်ခံရမှု ရာခိုင်နှုန်း အတော်များများ လျော့နည်းသွားနိုင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အုပ်ချုပ်ရေးမှူးများကို လက်နက်ထုတ်ပေးလိုက်ပါဟူသည့် ထုတ်ပြန်ချက်မျိုး ထုတ်ပြန်ရန် ရှိ/မရှိကို သိလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် သာစည်မြို့နယ် ဟန်ဇားတိုက်နယ်ဆေးရုံသည် နီပိန်းများ၊ NLD အစွန်းရောက်များလှုံ့ဆော်၍ CDM ပြုလုပ်သောကြောင့် ရွာသူ/သားများက CDM ပြုလုပ် သူများကို ဆန္ဒပြခဲ့ကြောင်း၊ တပ်မတော်မှ စေလွှတ်သည့် ဆရာဝန်များ/ သူနာပြုများ လာရောက်ချိန်တွင် ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည့်နေရာဖြစ်ကြောင်း၊ ယခုအချိန်ထိ ယင်းတိုက်နယ်ဆေးရုံတွင် အစားထိုးခန့်အပ်ပေးခြင်းများ မရှိသေးကြောင်း၊ တပ်မတော်မှ စေလွှတ်ထားသည့် ဆရာဝန်တစ်ယောက်၊ သူနာပြုနှစ်ယောက်သာရှိပြီး လိုအပ်ချက်များအား ရပ်ရွာမှ တာဝန်ယူနေရကြောင်း၊ ဆရာဝန်/ ဆရာမ တရားဝင်မရှိသည့်အတွက် ဆေးဝါးခွဲတမ်း ပြည့်ဝစွာမရရှိသည့် အခြေအနေဖြစ်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆရာဝန်၊ သူနာပြုများ အမြန်ဆုံးခန့်ထားစေလိုကြောင်း၊ ယခင်က ဆရာဝန်/သူနာပြုဆယ်ယောက်ဖြင့် ကုသမှုပေးခဲ့သည်ဟု သိရကြောင်း၊ ထို့ကြောင့် ဆရာဝန်/ သူနာပြု စေလွှတ်ခန့်ထားမည့် အစီအစဉ် ရှိ/မရှိကို သိလိုကြောင်း၊ နောက်ဆုံးတစ်ချက်အနေဖြင့် ယခုရက်ပိုင်းအတွင်း ဆင်ဖြူတော် မွေးဖွားသည့် အခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ထားကြောင်း၊ မြန်မာရာဇဝင်တွင်လည်း ဆင်ဖြူတော်ပေါ်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ ယခု ဆင်ဖြူတော်လေးနှင့်ပတ်သက်၍ဆင်ဖြူတော်သမိုင်းကြောင်းကို အနည်းငယ်ရှင်းပြပြီး ဆင်ဖြူတော်ကို မည်သို့ ပြုစုစောင့်ရှောက်ထားသည်ကိုလည်း ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး မြောက်ဘက်ပိုင်းများတွင် အဓိက ဦးစားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးမှူးများ လုံခြုံရေးနှင့်ပတ်သက်ပြီး တော်တော်များများ တိုက်တွန်းထားကြောင်း၊ အုပ်ချုပ်ရေးမှူးများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ များပြားသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရာတွင် ဥပဒေအရ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်ရကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့များ၏ လိုအပ်ချက်များအား မြို့နယ်များကို အဆင့်ဆင့်တင်ပြပေးရန် ပြောလိုကြောင်း၊ လက်နက်ထုတ်ပေးခွင့်ဆိုသည်ထက် ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ပြည်သူ့စစ်ဖွဲ့စည်းခွင့်များကို တိုင်းစစ်ဌာနချုပ်များ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ဆက်တွဲလိုအပ်သည့်နေရာများတွင် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည့် လက်နက်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နောင်တော်လေး
Myanmar National Post သတင်းဌာန



ဇော်မင်းဦး
တဲ့ပြောသတင်းဌာန

သာစည်မြို့နယ် ဟန်ဇားတိုက်နယ်ဆေးရုံ ပြန်ဖွင့်သည့်အချိန်တွင် ကန့်ကွက်သူများရှိသကဲ့သို့ တပ်မတော်မှ ဆရာဝန်/ ဆရာမများ လာရောက်ချိန်တွင် ဝမ်းမြောက်စွာ ကြိုဆိုကြကြောင်း၊ တော်တော်ထူးခြားသည့်ဆေးရုံဖြစ်ကြောင်း၊ တချို့သောနေရာများတွင် ဆရာဝန်/ဆရာမ အခက်အခဲများရှိနေသောကြောင့် တပ်မတော်မှ ဆရာဝန်/ ဆရာမများဖြင့် ကုသပေးနေကြောင်း၊ ဆေးဝါးကိစ္စများ လိုအပ်ချက်များကို ယခုသတင်းစာရှင်းလင်းပွဲပြီးပါက ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ကိုယ်စားလှယ်အား အချက်အလက်များ အသေးစိတ်ပေးစေလိုကြောင်း၊ မိမိတို့အစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဆင်ဖြူတော်နှင့် ပတ်သက်လျှင် သတင်းထုတ်ပြန်မှုနှစ်ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုပေါ်ထွန်းလာသည့်ဆင်ဖြူတော်မှာ ကြန်အင်လက္ခဏာ ၈ ချက်ရှိသည့်အနက် ၇ ချက်နှင့် ကိုက်ညီမှုရှိသည်ဟူ၍လည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီ မိနစ် ၃၀ တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းအဖွဲ့၏ ဆင်ဝိုင်းတွင်ရှိသည့် ဆင်တစ်ကောင်မှ မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုဆင်ဖြူတော်နှင့် ပတ်သက်ပြီး ဩဂုတ် ၁၆ ရက်ကလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ အလေးချိန်ပေါင် ၁၉၀ ခန့်ရှိကြောင်း၊ ယခုအချိန်တွင် အလေးချိန်ပေါင် ၂၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ဆင်ဖြူတော်ကို ပိုင်ဆိုင်ခွင့်ရရှိသူအနေဖြင့် ဘုန်းတန်ခိုးကြီးမားခြင်း၊ ထင်ပေါ်ကျော်ဇောခြင်း၊ ရန်သူခပ်သိမ်းကို အလွယ်တကူအောင်မြင်ခြင်း၊ တိုင်းသူပြည်သားများ ချမ်းသာကြွယ်ဝ၍ ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့်ပြည့်စုံခြင်း၊ စားရေရိက္ခာပေါများခြင်းစသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းသည်ဟုလည်း မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အဆက်တွင် ယူဆထားကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ရတနာဆင်ဖြူတော်ကိုးစီးအထိ ရှိကြောင်း၊ ၎င်းတို့ကို နေပြည်တော်နှင့် ရန်ကုန်မြို့တွင်ရှိသည့် ရတနာဆင်ဖြူထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်များတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း၊ သတင်းစာရှင်းလင်းပွဲပြီးပါက ဆင်ဖြူတော်များနှင့် ပတ်သက်သည့် အချက်အလက်များ ပေးလိုက်မည်ဖြစ်ကြောင်း၊ ယခုတွေ့ရှိသည့် ဆင်ဖြူတော်မှာ ပို၍ထူးခြားကြောင်း၊ ယခင်ပေါ်ထွက်ခဲ့သည့် ဆင်ဖြူတော်ကိုးစီးအနက် ပထမဆုံး ပေါ်ထွက်ခဲ့သည့် ဆင်ဖြူတော်တစ်စီးသာ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီပြီး ကျန်သည့် ၈ စီးမှာ ကြန်အင်လက္ခဏာ ၆ ချက်နှင့်သာ ကိုက်ညီမှုရှိကြောင်း၊ ယခုပေါ်ထွက်ခဲ့သည့်ဆင်ဖြူတော်မှာ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ တိုင်းပြည်အတွက်၊ နိုင်ငံတော်အတွက် ဂုဏ်တစ်ခုဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA နှင့် PDF များ၏ အကြမ်းဖက်လှုပ်ရှားမှုများကြောင့် အချို့သော ရဲကင်းစခန်းများကို ရုပ်သိမ်းခဲ့ရကြောင်း၊ ပညာရေးနှင့် ပတ်သက်သည့် စာသင်ကျောင်းများလည်း ဖွင့်လှစ်နိုင်မှု မရှိသေးကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေး ဆေးခန်းများလည်း ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း၊ အဆိုပါကိစ္စများ မည်မျှဖြစ်ပျက်နေသည်ကို သိလိုကြောင်း၊ မူလအတိုင်းပြန်ဖြစ်ရန်အတွက် နိုင်ငံတော်အနေဖြင့် မည်မျှအထိ ဆောင်ရွက်နိုင်မည်ကို သိလိုကြောင်း၊ ယခု လက်ရှိ ၆ လတာကာလအတွင်း ပြီးစီးနိုင်ခြင်း ရှိ၊ မရှိ သိလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကို ပထမဦးဆုံး မီးရှို့သူမှာ KIA ဖြစ်ကြောင်း၊ တပ်မတော်ကလည်း ယခုအချိန်အထိ သဘောထားကြီးနေဆဲဖြစ်ကြောင်း၊ နေ့စဉ် အရပ်သားပြည်သူများသတ်ဖြတ်ခြင်း ခံနေရကြောင်း၊ KIAနှင့် ပတ်သက်သည့် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စစ်ကိုင်းတိုင်းဒေသကြီး၏ လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ရဲကင်းစခန်းများ၏ အခြေအနေကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ KIA နှင့်ပတ်သက်သည့် ကိစ္စများကိုမူ မိမိကဆက်လက်၍ ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အားနည်းပါးသည့် ရဲကင်းစခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြကြောင်း၊ ရဲစခန်းများနှင့် ရဲကင်းများ ရုပ်သိမ်းသည်ဆိုသည့်ကိစ္စမှာ မဟုတ်ကြောင်း၊ အလှမ်းဝေးသည့်နေရာများတွင် ရှိပြီး အင်အားနည်းပါးသည့် ရဲကင်းစခန်းငယ်များကိုမူ ခေတ္တရုပ်သိမ်းထားကြောင်း၊ ကျန်သည့်စခန်းများကိုမူ ရုပ်သိမ်းထားခြင်းမရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသတ်ခံခဲ့ရသူများ၏ စာရင်းကို သီးခြားပေးလိုက်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိခဲ့သည့် လက်နက်များနှင့် ဖမ်းဆီးရမိသူများကို စစ်ဆေးချက်များအရ KIA က လက်နက်များထောက်ပံ့၍ လုပ်ဆောင်ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ၎င်းတို့ ကချင်ပြည်နယ်အထဲတွင်သာမက စစ်ကိုင်းတိုင်းဒေသကြီးအထိ စစ်မျက်နှာတိုးချဲ့နိုင်ရန်အတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏ KIA အပေါ်ထားရှိသည့် သဘောထားမှာ ၂၀၂၂ ခုနှစ်အထိ ငြိမ်းချမ်းရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ဆောင်မည်ဟု ပြောထားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အဖွဲ့အားလုံးအပေါ်တွင် ထားရှိသည့် သဘောထားဖြစ်ကြောင်း၊ သို့သော် အကြမ်းဖက်အဖွဲ့များကိုကူညီနေသည့် KIA အပေါ် တပ်မတော်က ထားရှိသည့်သဘောထားမှာ “သူ့ပုန်ကို သူပုန်လို့ပဲ သဘောထားသည်” ဟုသာ ပြောလိုကြောင်း ဆက်လက်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဇော်မင်းဦး**က ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး

*စာမျက်နှာ ၁၈ သို့*

**"လက်ရှိ မြန်မာနိုင်ငံအတွင်းတွင် မိမိတို့လုပ်နေသည်မှာ နံပါတ်(၁) ရုရှားနိုင်ငံနှင့် ပူးပေါင်းပြီး ရေနံတူးဖော်ရေးလုပ်ငန်းများ၊ ရေနံရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသာမက တရုတ်နိုင်ငံအပါအဝင် တခြားနိုင်ငံများဖြင့်လည်း ပူးပေါင်းပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် အနီးစပ်ဆုံး လုပ်ဆောင်နေခြင်းသည် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များတွင် ရေနံအထွက်နှုန်း၊ သဘာဝဓာတ်ငွေ့အထွက်နှုန်းတိုးတက်အောင် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ပြီးဖြစ်ကြောင်း၊ မကြာမီတွင် လုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် လုပ်ဆောင်သွားမည့် အကြမ်းဖျင်းအစီအစဉ်များသည် ယင်းတို့ကို တူးဖော်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် အထွက်တိုးလာလျှင် ထွက်ရှိလာသည့်အပေါ်တွင် ကုမ္ပဏီနှင့် မြန်မာ့ရေနံတို့က ခံစားမည်"**

*စာမျက်နှာ ၁၇ မှ*

သမ္မတဦးသိန်းစိန်လက်ထက်တွင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ NLD ပါတီ ဒေါ်အောင်ဆန်းစုကြည် အနိုင်ရလာပြီး တက်လာကြောင်း၊ လက်ပံတောင်းတောင် စာချုပ်နှင့် ပတ်သက်၍ ၎င်းကိုယ်တိုင်လည်း တောင်းခဲ့ဖူးကြောင်း၊ ယခုပြည်သူများ၏ကိုယ်စား မိမိတို့သတင်းဌာနများမှ ပြန်တောင်းရမည့် အနေအထားရှိကြောင်း၊ NLD အစိုးရအုပ်ချုပ်သည့်အချိန်တွင် နိုင်ငံ ၇ နိုင်ငံခန့်မှ ငွေများချေးငှားထားသည်ဟု ပြောပါကြောင်း၊ မြန်မာစကားပုံအတိုင်း ကြွေးတင်လျှင် ရှင်ဘုရင်ဆပ်ဆိုသည့်အတိုင်း ရှင်ဘုရင်ဆိုသည်မှာ ရာသက်ပန် အသက်ရှင်သွားမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့က အသက်ကြီးသွားသည့်အချိန်တွင် နောင်လာနောက်သား သားစဉ်မြေးဆက်များက ယင်းအကြွေးကို ဆပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အထောက်အထားများကို သိရှိရန်လိုအပ်ကြောင်း၊ NLD အစိုးရလက်ထက်တွင် နိုင်ငံခြားမှ ချေးငှားထားသည့် ငွေကြေးများနှင့် ပတ်သက်၍ မည်သို့သော ကတိကဝတ်များရှိပြီး မည်သည့်အချိန်တွင် ပြန်ဆပ်ရမည် မည်မျှရှိသည်ကို သတင်းစာမှ တိတိကျကျထုတ်ပြန်ပေးရန် ရှိ၊ မရှိနှင့် ထုတ်ပြန်ပေးစေလိုကြောင်း။

နိုင်ငံခြားသားပညာရှင်အယောက် ၁၀၀ ကျော် ငှားရမ်းထားသည်ဟု ၎င်းတို့ပြောကြောင်း၊ မည်သည့်ငွေများဖြင့် ငှားရမ်းသည်ကိုသိလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေါ်လာအခက်အခဲဖြစ်လာပြီး ဆီဈေးများလည်း တက်နေကြောင်း၊ ဆီဈေးများ တက်နေခြင်းကြောင့် ဆီရောင်းဝယ်ဖြန့်ဖြူးရေးကော်မတီကိုလည်း ဖွဲ့စည်းလိုက်သည်ဟု သိရကြောင်း၊ ယနေ့ပေါက်နေသည့် ဆီပေါက်ဈေးထက် တစ်ထောင်ခန့်လျှော့နည်းသော နှုန်းထားဖြင့် ရောင်းပေးနိုင်ရန်အတွက် ကုမ္ပဏီတချို့က ကမ်းလှမ်းသည်ဟု မိမိတို့သတင်းဌာနများအနေဖြင့် သတင်းရထားကြောင်း၊ မြန်မာငွေဖြင့် ရုရှားကို ရှင်းမည်ဖြစ်ကြောင်း၊ ဆီရောင်းဝယ်သည့် ကိုယ်စားလှယ်များကိုလည်း မြန်မာငွေဖြင့်သာ ယူမည်ဖြစ်ပြီး ကျန်သည်များကို ၎င်းတို့က ကုန်ကျခံမည်ဟု မိမိတို့ ကြားသိထားကြောင်း၊ ယင်းကိစ္စနှင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးတကယ်ရှိလျှင် လက်ရှိအစိုးရအနေဖြင့် အမြန်ဆုံး ခွင့်ပြုပေးစေလိုကြောင်း၊ မိမိအနေဖြင့် တောင်းဆိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်း NLD လက်ထက်တွင် ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုခဲ့သည်မှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ် တစ်လပိုင်းအကုန်အထိ ချေးငွေစာချုပ် ၆၉ ယူနစ် ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဘီလီယံ၊ ၉၀၁၉ ဒသမ ၅၃၁ သန်းဖြစ်ကြောင်း၊ အတိုးနှုန်းများမှာ ချေးငွေစာချုပ်အလိုက် အတိုးနှုန်း ကွာခြားချက်ရှိကြောင်း၊ အနည်းဆုံး အတိုးမဲ့မှ အများဆုံး ၂ ရာခိုင်နှုန်းအထိဖြစ်ကြောင်း၊ ဆိုင်းငံ့ကာလမှာ သုံးနှစ်နှင့် သုံးလမှ ၁၅ နှစ်အထိရှိကြောင်း၊ ဆိုင်းငံ့ကာလက ကျော်လွန်မှ ကျော်လွန်ပေးဆပ်ရ မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြောခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြောခဲ့ကြောင်း၊ တစ်နှစ်တွင် ဒေါ်လာသန်း ၇၀၀ နီးပါး အကြွေးဆပ်နေရကြောင်း၊ ၎င်းတစ်ယောက်တည်းကို အပြစ်ပြောခြင်းမဟုတ်ကြောင်း၊ ၎င်းရှေ့မှလည်း ပါကြောင်း၊ နိုင်ငံတော် ကြွေးမြီများနှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများ၊ ပြည်ထောင်စုလွှတ်တော်၏ သတ္တမပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများ၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဒသမပုံမှန်အစည်းအဝေး၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ ဒုတိယအကြိမ်တွင် လေ့လာတွေ့ရှိနိုင်ကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ မိမိတို့တွင်ရှိသည့် အထောက်အထားများကို မီဒီယာများအား ပြောမည်ဖြစ်ကြောင်း။

အနီးစပ်ဆုံးအထောက်အထားမှာ နိုင်ငံတော်ဝန်ကြီးချုပ်ပြောသည့် မိန့်ခွန်းများတွင် ပါပြီးဖြစ်ကြောင်း၊ တချို့မှာ အသေးစိတ်ပါပြီးဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် မည်မျှရှိခဲ့ပြီး NLD အစိုးရလက်ထက်တွင် မည်မျှအထိတက်သွားကြောင်း၊ NLD အစိုးရလက်ထက်တွင် ပြည်တွင်း/ပြည်ပက မည်မျှရှိသည်ဟု အသေးစိတ်ပါပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသားပညာရှင်များ၏ အကြံပေးဝန်ဆောင်မှုရယူရာတွင် နှစ်ခုလုံးဖြစ်ကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ပြည်ပချေးငွေ အကူအညီရငွေတို့မှ ကျခံသုံးစွဲခဲ့ရကြောင်း၊ ချေးငွေပေးအပ်သည့် အဖွဲ့အစည်းများနှင့်ချုပ်ဆိုသည့် ချေးငွေဆိုင်ရာစည်းမျဉ်းမှ ဆောင်ရွက်သည်များလည်း ရှိကြောင်း၊ နိုင်ငံခြားပညာရှင်များ၏ အကြံပေးမှုဝန်ဆောင်မှုဆိုင်ရာ အသုံးစရိတ်များကို ချေးငွေစာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ လုပ်ခဲ့ခြင်းရှိကြောင်း၊ ငှားရမ်းသုံးစွဲမှုရရှိသည့် အကျိုးရလဒ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် မူတည်ကြောင်း၊ တချို့အကြံပေးအမည်ခံများကိုပေးရခြင်းမရှိကြောင်း၊ ပိုက်ဆံပေးရသည်ထက် ပိုမိုတန်ဖိုးကြီးသည့်အရာများ ပေးရကြောင်း၊ ငွေရေးကြေးရေးအရ ပေးရခြင်းမဟုတ်ကြောင်း၊ သို့သော် နိုင်ငံတော်၏ လျှို့ဝှက်ချက်၊ နိုင်ငံတော်၏ စီမံကိန်းတချို့သည် အရေးကြီးပြီး ပိုက်ဆံက အရေးမကြီးကြောင်း၊ ပိုက်ဆံထက် ပိုတန်ဖိုးကြီးသည့်အရာများက ပို၍အရေးကြီးသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Trend Journal မှ အယ်ဒီတာချုပ် ဦးဝဏ္ဏ**က တရုတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားသည့် မြန်မာသံအမတ်နေရာတွင် အစားထိုးခန့်အပ်မည့်အစီအစဉ်ကို သိလိုကြောင်း၊ ရုရှားမှ စက်သုံးဆီများ ဝယ်ယူမည့်သတင်း၊ ယမန်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် ဝန်ကြီးချုပ် ပြောသွားခြင်းလည်းရှိကြောင်း၊ အွန်လိုင်းမီဒီယာများတွင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောဦးဆောင်ပြီး အဖွဲ့ဝင် ၁၀ ဦးပါသည့် ရုရှားမှ ဆီဝယ်ယူရေးကော်မတီအဖွဲ့ကို ဖွဲ့စည်းလိုက်သည်ဟု သတင်းထုတ်ပြန်ထားသည့် သတင်းများ တက်နေကြောင်း၊ ဆီကိစ္စနှင့် ပတ်သက်ပြီး ယမန်နေ့က ၇/၂၀၂၂ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆီကိစ္စကို မပူရန် ဆီသင်္ဘောများလည်း လာနေပြီဟုပြောကြောင်း၊ ရုရှားဆီများ တကယ်ရောက်လာပြီဆိုပါက ဆီလိုအပ်ချက်ရှိနေသည့် မြန်မာပြည်သူများအတွက် ဝမ်းသာစရာဖြစ်ကြောင်း၊ ယင်းကိစ္စကို အသေးစိတ် ရှင်းလင်းပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တရုတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်သည့် မြန်မာနိုင်ငံမှ သံအမတ်ကြီးသည် ကူမင်းမြို့ကို အစည်းအဝေးသွားရောက်စဉ် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ သံအမတ် အမြန်ဆုံးခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ခန့်အပ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ရုရှားနိုင်ငံမှ ဆီဝယ်ယူပြီး ဖြန့်ဖြူးရောင်းချနိုင်ရေးကိစ္စမတိုင်မီ ရုရှားနိုင်ငံခရီးစဉ်ကို နိုင်ငံတော်ဝန်ကြီးချုပ် သွားခဲ့သည်ကို မှတ်မိမည်ဖြစ်ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော လိုက်ပါသွားသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ယခင်ကတည်းက ဆွေးနွေးမှုများရှိခဲ့ကြောင်း၊ ထိုခရီးစဉ်တွင် အပြီးသတ်သဘောတူညီချက်ရယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလောလောဆယ်တွင် စင်ကာပူနိုင်ငံမှ ဆီဝယ်ယူလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံသည် ရေနံထွက်သည့်နိုင်ငံမဟုတ်ကြောင်း၊ စင်ကာပူနိုင်ငံသည် တခြားနိုင်ငံများမှ ရေနံနှင့် ရေနံချက် ပစ္စည်းများသွင်းပြီးမှ ရေနံချက်သည့် လုပ်ငန်းများလည်းရှိကြောင်း၊ ထို့အပြင် တစ်ဆင့်ခံ ရောင်းချနေခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ရေနံမူရင်း ထွက်သည့်နိုင်ငံဖြစ်ကြောင်း၊ မူရင်းထွက်သည့်နိုင်ငံ ဖြစ်သောကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်သည့်နေရာမှာ နှစ်ချက်ရှိကြောင်း၊ နံပါတ်(၁) ဈေးနှုန်းသက်သာရမည်၊ နံပါတ်(၂) အရည်အသွေးပြည့်မီပြီး လျှင်လျှင်မြန်မြန်ရနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းနှစ်ချက်အပေါ်မူတည်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနှင့် မြန်မာသည် ဆက်သွယ်ဆက်ဆံမှု မြင့်မားနေသည့်အချိန်ဖြစ်ကြောင်း၊ နောင်တွင်လည်း ဆက်သွယ်ဆက်ဆံမှု ပိုမိုမြင့်မားလာမည်ဖြစ်သောကြောင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အာမခံချက်တစ်ခုရရှိပြီးဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် မိမိတို့လိုသမျှ ရရှိနိုင်မည်ဖြစ်၍ ဈေးနှုန်းအနေဖြင့် ထိန်းနိုင်မည်ဟုပြောနိုင်ကြောင်း၊ မိမိတို့ လက်ရှိလုပ်နေသည့် ပြည်ပမူရင်းနိုင်ငံများမှ ဝယ်နိုင်သည့် အခွင့်အရေးကို မိမိတို့ရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုပြီး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်းကို သတင်းကောင်းပါးလိုကြောင်း၊ ထို့အပြင်လက်ရှိ မြန်မာနိုင်ငံအတွင်းတွင် မိမိတို့လုပ်နေသည်မှာ နံပါတ်(၁) ရုရှား နိုင်ငံနှင့်ပူးပေါင်းပြီး ရေနံတူးဖော်ရေးလုပ်ငန်းများ၊ ရေနံရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသာမက တရုတ်နိုင်ငံ အပါအဝင် တခြားနိုင်ငံများဖြင့်လည်း ပူးပေါင်းပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် အနီးစပ်ဆုံး လုပ်ဆောင်နေခြင်းသည် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များတွင် ရေနံအထွက်နှုန်း၊ သဘာဝဓာတ်ငွေ့အထွက်နှုန်း တိုးတက်အောင် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ပြီးဖြစ်ကြောင်း၊ မကြာမီတွင် လုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် လုပ်ဆောင်သွားမည့် အကြမ်းဖျင်းအစီအစဉ်များသည် ယင်းတို့ကို တူးဖော်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် အထွက်တိုးလာလျှင် ထွက်ရှိလာသည့်အပေါ်တွင် ကုမ္ပဏီနှင့် မြန်မာ့ရေနံတို့က ခံစားမည်ဖြစ်ကြောင်း၊ ယင်းတို့သည် ပြည်သူလူထု လက်ထဲသို့ ရောက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေနံထွက်နှုန်း အသင့်အတင့်ရှိသည့် တွင်းတိမ်ရေနံတူးဖော်ရေးလုပ်ငန်းများကိုလည်း စနစ်တကျလုပ်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က မှာကြားပြီးဖြစ်ကြောင်း၊ အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများအပါအဝင် အစိုးရဝန်ကြီးဌာနများအားလုံးပါဝင်ပြီး အစည်းအဝေးတွင် ယင်းကိစ္စများနှင့်ပတ်သက်၍ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ကျန်သည့် ရေနံစွမ်းအင်လုပ်ငန်းအတွက်လည်း စွမ်းအင်နှင့်ပတ်သက်ပြီး တိုးတက်ရေးအတွက်လည်း ဦးစီးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ပြောလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးနှင့် ပတ်သက်ပြီး Sector တိုင်း Sector တိုင်းတွင် တိုးတက်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ခုဝန်ခံလိုသည်မှာ အနှောင့်အယှက် အဖျက်အဆီးများရှိနေကြောင်း၊ ဥပမာ MOGE ၏ လုပ်ငန်းများ တွင်ကျယ်လာပြီး စွမ်းအင်ဝန်ကြီးဌာနတွင်ကျယ်လာသည်နှင့်အမျှ ဆန့်ကျင်ဘက် အဖွဲ့အစည်းများက အမျိုးမျိုးပြောဆိုနေကြခြင်းကို မီဒီယာကြီးများအနေဖြင့် ကြားသိမည်ဖြစ်ကြောင်း၊ ယင်းကို Sanction လုပ်ရန် အော်နေသည့် အသံမျိုးများ ကြားရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် စားသောက်ကုန်များ အလုပ်ဖြစ်လာလျှင်လည်း အမျိုးမျိုးပြောကြမည်ဖြစ်ကြောင်း၊ ယင်းအဖျက်အဆီးများကို ကြုံတွေ့နေရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများကို ယခင်အချိန်ကတည်းက ကြုံကြုံခံပြီး ကျော်လွှားခဲ့ကြောင်း၊ ယခုအချိန်အခါတွင်လည်း မိမိတို့ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဖြေကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*၊

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၈-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနာသုတ်၊ မောရွတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ နဝင်္ဂဥပေါ်သထသိလဒံယူဆောက်တည်ခြင်း
၀၉:၃၅ NRC အစီအစဉ်(ကယား) 'ကယားရိုးရာတူရိယာဖြုလုပ်ခြင်း'
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ 'စိတ်ကောင်းရှိပါ' တရားတော်
၁၃:၄၀ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၆)
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၁၀ (၁၇)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ 'ဥဂ္ဂသေနဇာတ်တော်ကြီး' (ပထမဆု) (ဒုတိယပိုင်း)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၆)

### mitv

07:02 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:12 Wushu Kids & Their Limit (Ep-1)
07:23 Kabyar Wa Beach
07:31 Pan Tamawt... Stone Carving
08:01 Let's taste "Sabuti"
08:08 Marvelous Solo Cane Ball Playing
08:26 Paper Products... Plain but Pretty
08:47 A Simple And Peaceful Life
09:01 News
09:27 Alms Bowl
09:46 Myanmar Masterclass: Artist Win Pe Myint
10:01 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
အောင်မြင်ဖြစ်ထွန်းနေသောမွန်ပြည်နယ်ကျွဲကော

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကျောက်ရိုးတော်ဓာတ်စေတီ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
အမျိုးသမီးတိုင်းကြိုတင်သိထားသင့်သော ကင်ဆာရောဂါလက္ခဏာ(၁၀)မျိုးအကြောင်း

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံရေတံခွန်သို့အလည်တစ်ခေါက်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အလှပြာဝေမနောမြေ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အပန်းဖြေစရာဘုရားဖူးကြာကန်သို့ အရောက်လှမ်းခဲ့ပါ

**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
လျှာလည်သွားစေမယ့်ခရုသုပ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ASEAN Informatin Exchange Initiative 2022 (Part-7)
၀၉:၁၅ စိတ်အပန်းဖြေဖွယ် နောင်ချိုတိမ်ပင်လယ်
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၂၀ အပန်းဖြေခရီးတစ်ခေါက် လိပ်မွှေ့ခြံသို့အရောက်
၀၈:၁၅ တောင်သူများအတွက်နည်းပညာဖြန့်ဝေရာ မကွေးစိုက်သုခြံမှာ
၀၈:၅၀ မြနန္ဒာသီးနှံအခြောက်ခံစက်ရုံ
၀၉:၀၀ မျိုးစေ့တစ်စေ့၏တန်ဖိုး
၀၉:၄၀ ထိရောက်သောစိုက်ပျိုးရေးပညာပေး အစီအစဉ်များဆီသို့

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/Sports Diary
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ၌ နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

# ၂၀၂၂ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြုများအတွက် အနီးကပ်သင်တန်းများနှင့်စာမေးပွဲများ ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု ပထမနှစ် (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများ အတွက် အနီးကပ်သင်တန်းများနှင့်စာမေးပွဲများကို အောက်ပါအတိုင်းကျင်းပမည်ကြောင်း ကြေညာလိုက်သည် -

**(၁) အဝေးသင် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

သင်တန်းနှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်
အထူးပြုဘာသာရပ်များ - အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ
အနီးကပ်သင်တန်းကာလ - (၁၂-၉-၂၀၂၂) ရက်မှ (၂၂-၉-၂၀၂၂) ရက်အထိ
စာမေးပွဲကာလ - (၂၆-၉-၂၀၂၂) ရက်မှ (၁-၁၀-၂၀၂၂) ရက်အထိ

**(၂) အဝေးသင် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

သင်တန်းနှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်
အထူးပြုဘာသာရပ်များ - မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ
အနီးကပ်သင်တန်းကာလ - (၃-၁၀-၂၀၂၂) ရက်မှ (၁၅-၁၀-၂၀၂၂) ရက်အထိ
စာမေးပွဲကာလ - (၁၈-၁၀-၂၀၂၂) ရက်မှ (၂၅-၁၀-၂၀၂၂) ရက်အထိ

အဆင့်မြင့်ပညာဦးစီးဌာန

---

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၈-၂၀၂၂

### ရွှေ

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၄၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၄၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၀၀၀ ကျပ် | ၃၀၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၈၀ ကျပ် | ၃၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၈၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၀၆ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၂၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၉ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၁၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၂၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၆၉၀၀ | ၅၀၀ | ၃၄၅၀၀၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၂၃၈၂ | ၅၈၃၅၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၂၁၄ | ၃၈၅၂၀၀၀ |
| TMH | ၂၃၀၀ | ၂၃၀၀ | ၂၇၀ | ၆၂၁၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၁ | ၂၆၉၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဩဂုတ် ၂၄**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိတ်ပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် (စနေနေ့)တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် ဗာဟုသစ္စ (အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံခြင်း) နှင့် ဝိရတီပါပါ (မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း) အစီအစဉ်ကို ဩဂုတ် ၂၇ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင်ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ရှုဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သော်သော်နန်းဝင်း (ရွှေနန်းသဘင်) ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ပန်းကဗျာ၊ တိုးတက်၊ နန်းအိမ်ရွှေဦးနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဩဂုတ် ၃၁ ရက် (ဗုဒ္ဓဟူးနေ့) နှင့် စက်တင်ဘာ ၁ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီ သတင်းများအပြီးတွင် ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရတေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရ တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် – ၂)** ကို Friday Night Show တင်ဆက်မှုအဖြစ် ဩဂုတ် ၂၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် The Friends တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နေအောင်၊ လွမ်းပို၊ ဂျင်းနီ၊ ရွှေဖြူ၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ မို့မို့ကျော်လွင်၊ ရွှေပန်းချီနှင့် ယွန်းနဒီပိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန စုဆောင်းငွေပေါ်အတိုးနှင့် စားသုံးဆီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၀–၂၀၂၁/ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အဆိုပါ အစည်းအဝေးတွင် အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အစီရင်ခံစာနှင့် အသင်းစာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်းအတည်ပြုခဲ့ပြီး အသင်းသားများသို့ စုဆောင်းငွေပေါ် အတိုးကျပ် ၃၈ ဒသမ ၉၁ သိန်းနှင့် အသင်းသားတစ်ဦးလျှင် စားသုံးဆီတစ်ပိဿာစီ ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားစာရင်းစစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

**အာကာလင်း**

## ပြည်သူများပလတ်စတစ်လျှော့ချသုံးစွဲရေး သီပေါမြို့၌ အသိပညာပေးဆွေးနွေး

**သီပေါ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မြို့တော်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက ပလတ်စတစ်အမှိုက်များသည် သဘာဝပတ်ဝန်းကျင်အလှအပများကို ဖျက်ဆီးခြင်းသာမက မြေထု၊ ရေထု၊ လေထုများကိုလည်း ပျက်စီးစေကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်က ပလတ်စတစ်များ လယ်ယာမြေတွင်ရှိနေပါက မြေဆီမြေနှစ်များ ပျက်စီးစေနိုင်သဖြင့် လျှော့ချအသုံးပြုနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ ပလတ်စတစ်အမှိုက်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ အမှိုက်အမျိုးအစားများ သိမ်းဆည်းစွန့်ပစ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူ ၁၅၀ ကျော် တက်ရောက်သည်။

**စိုင်း (သီပေါ)**

## ကျောက်ဆည်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**




သင်တန်းဖွင့်ပွဲတွင် ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး အောင်မင်းစိန်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေး) တပ်ဖွဲ့စုမှူး ယာယီရဲမှူး ခင်မောင်သိန်းက ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၄ မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှု အခြေအနေများ၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းမှုများ စသည်တို့ကို သင်ကြား ပို့ချပေးမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၇ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**

## သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှမိသားစုများယှဉ်ပြိုင်မည်

**နေပြည်တော် ဩဂုတ် ၂၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၀)ကို ဩဂုတ် ၂၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။




အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၂၆၊ ၂၇ နှင့် ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၂၄**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော် အကြီးအကဲက လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် **(အပေါ်ပုံ)** တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



○ *ကျောဖုံးမှ*

ရေရှည်တွင် ဟန်ချက်ညီမှုဖြင့် အသားနှင့်နို့ဈေးနှုန်းကြီးမြင့်မှုနှင့် ပြတ်လပ်မှုမရှိစေရန်၊ နှစ်စဉ်တိုးပွားလျက်ရှိသော မြို့ပြလူဦးရေနှင့်အညီ ထိန်းညှိထုတ်လုပ်နိုင်ရန် လက်ရှိမွေးမြူမှုများသော မင်္ဂလာဒုံနှင့် သုံးခွမြို့နယ်တို့၌ တစ်မြို့နယ်တွင် တစ်နှစ်လျှင် ကောင်ရေ ၁၀၀ တိုးနှုန်းဖြင့် နှစ်မြို့နယ် ကောင်ရေ ၂၀၀ တိုးပွားရန် ကျွဲ၊ နွားများချပေးသောစနစ် Unit Plan ကို ၂၀၂၂ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာလတွင် တိုက်ကြီးနှင့် မှော်ဘီမြို့နယ်တို့၌ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် အရင်းမပျောက် မတည်ငွေ မြစိမ်းရောင်မွေးမြူရေးကဏ္ဍကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးတောင်သူတို့ထံ ကြက်/ဝက်/ဘဲမွေးမြူမှု တစ်နှစ်၊ ကျွဲ/နွားမွေးမြူမှု သုံးနှစ်သက်သာသော အတိုးနှုန်းဖြင့် အရင်းမပျောက် မတည်ငွေဖြင့် ထုတ်ချေးလျက်ရှိသည်။ Unit Plan ဖြင့် မွေးမြူရေးလုပ်ဆောင်နေသော တောင်သူတို့တွင် နွားအမကောင်ရေ ၃၀၀ ခန့် မွေးမြူသူများအား အရင်းမပျောက် မတည်ငွေဖြင့် တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၀ ချေးငွေထုတ်ပေး၍ ကောင်ရေတိုးမြှင့်မွေးမြူနိုင်ရန် Unit Plan နှင့် မြစိမ်းရောင်မွေးမြူရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။

အသားတိုးနွားမွေးမြူရာ၌ သုံးနှစ်တွင်ရောင်းတန်းဝင်သောကြောင့် ယခင်က ငါးနှစ်မွေးမြူရသည့်အတွက် နှစ်နှစ်စာ အစာစရိတ်သက်သာ၍ အကျိုးအမြတ် ပိုမိုရရှိလျက်ရှိရာ ဘရာမင်၊ ရှွေနီ၊ ပြာစိမ်း၊ အင်ဒို ဘရာဇီးမျိုးတို့အား အသားတိုးနွားအဖြစ် လည်းကောင်း၊ ဂျာစီ၊ ဖရေရှန်ကို နို့စားနွားအဖြစ်လည်းကောင်း မွေးမြူလျက်ရှိသည်။

တစ်ကေလျှင် နွား ၁၀ ကောင်မွေးမြူသောကြောင့် ပိုမိုမွေးမြူနိုင်ရန် စားကျက်မြေအခက်အခဲကို ကြိုတင်ဆောင်ရွက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတိုးနွားကောင်ရေ ၁၄၀၀၀၀ ကျော်ရှိ၍ တစ်လကောင်ရေ၃၀၀၀ ခန့် အသားထုတ်လုပ်လျက်ရှိရာ ရေရှည်တွင် အသားတိုးနွား ပျောက်ကွယ်နိုင်ခြင်းနှင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ အသားတိုးနွားများကို အားပြုလာရခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတိုးနွားနှင့် နို့စားနွားများ တိုးမြှင့်မွေးမြူနိုင်ရန် Unit Plan ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေနှင့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးချေးငွေများ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင်၊ ပုဗ္ဗသီရိခရိုင် ၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲလေးခုမှ တောင်သူဦးကြီးများကို ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အတိုးနှုန်းတစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးချေးငွေကိုလည်း တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ဩဂုတ် ၁၈ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှ ကျေးရွာအုပ်စု ၁၇၃ အုပ်စု၊ တောင်သူ ၁၇၀၈၃ ဦး၊ စပါး ၆၁၁၅၇ ဧက၊ အခြားသီးနှံ ၇၂၂၃ ဧကအတွက်ချေးငွေကျပ်၉၈၉၅ ဒသမ ၈၅ သန်းနှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးချေးငွေများကို ကျေးရွာအုပ်စု သုံးအုပ်စု၊ တောင်သူ ၁၄ ဦး၊ နေကြာ ၄၉ ဧကအတွက် ချေးငွေကျပ် ၇ ဒသမ ၃၅ သန်း ထုတ်ချေးပေးပြီးဖြစ်သည်။

ပြည်ထောင်စုနယ်မြေနေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးခရိုင်၊ ပုဗ္ဗသီရိခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲများမှ နေပြည်တော်နယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တောင်သူများသို့ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးချေးငွေများကို စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း နေပြည်တော်တိုင်းဘဏ်ခွဲမန်နေဂျာ ဒေါ်အေးမင်းသင်းထံမှ သိရသည်။ **သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်များ လိုက်လံငှားရမ်း

**ကျောင်းကုန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ စာပေဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ မိုဘိုင်းစနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ လိုက်လံငှားရမ်းပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက သုတ/ ရသစာအုပ်များ၊ မဂ္ဂဇင်းများ၊ ရုပ်ပြစာအုပ်များကို ငှားရမ်းပေးခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ သမဝါယမဦးစီးဌာနရုံးသို့လည်း လိုက်လံငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ ညီလွင်(ခ) ကိုညီသည် ၎င်းအသုံးပြုသည့် “Ko Myo” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၀)ရပ်ကွက်နေ ထွန်းထွန်းဦးသည် ၎င်းအသုံးပြုသည့် “Htun Htun Oo” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဟိုမွန်ရပ်ကွက်နေ စည်သူအောင်နှင့် ဈေးရပ်ကွက်နေ နိုင်ကိုဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Sithu Aung” Facebook အကောင့်နှင့် “Naing Ko Oo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောက်တဲ့ရိုးကျေးရွာနေ ကျော်ဇင်ထွန်း(ခ) ကြီးကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Zin Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာနေ လှထွန်းသည် ၎င်းအသုံးပြုသည့် “Hla Tun” Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဇင်နွယ်စိုးသည် ၎င်းအသုံးပြုသည့် “Zin Nwe Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စွမ်းအင်ဝန်ကြီးဌာန
## ဓာတ်မြေသြဇာစက်ရုံများအား
## ကာလရှည်ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှု
## အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းဓာတ်မြေသြဇာထုတ်လုပ်မှု တိုးမြင့်စေရန် ရည်ရွယ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါ ဓာတ်မြေသြဇာ စက်ရုံများအား ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကာလရှည်ငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအား စိတ်ဝင်စားမှု အဆိုပြုလွှာများ တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)

(ခ) အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)

၂။ ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များသည် စိတ်ဝင်စားမှု အဆိုပြုလွှာ တင်ပြသည့်အခါ ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃) နှစ်အတွက် စာရင်းစစ်ဆေးပြီးဖြစ်သော ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း (Last 3 years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ (Financial Report)၊ ဓာတ်မြေသြဇာထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာအတွေ့အကြုံများအား အသေးစိတ်ဖော်ပြချက်၊ ပူးပေါင်းအဖွဲ့အစည်းများဖြစ်လျှင် ၎င်းအဖွဲ့အစည်းများ၏ ဓာတ်မြေသြဇာထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာအတွေ့အကြုံများအား အသေးစိတ်ဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများပူးတွဲ၍ Hard Copy မူရင်း (၁) စုံ၊ မိတ္တူ (၃) စုံ နှင့် Soft Copy တို့အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီထက် နောက်မကျစေဘဲ လူကိုယ်တိုင် အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့တင်ပြရမည် ဖြစ်ပါသည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း- ၀၆၇ ၃ ၄၁၁၀၄၆၊ ၀၆၇ ၃ ၄၁၁၁၃၄**
**အီးမေးလ် moe.planttender2022@gmail.com**

၃။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့်အချက်အလက်များနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့၊ (၁၄:၀၀) နာရီ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ် (၆)၊ နေပြည်တော်တွင် ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

၄။ လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခြားသိရှိလိုသည်များရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း- ၀၆၇ ၃ ၄၁၁၀၄၆၊ ၀၆၇ ၃ ၄၁၁၁၃၄**
**အီးမေးလ် moe.planttender2022@gmail.com**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း- ၀၆၇ ၃ ၄၁၁၀၅၉**
**အီးမေးလ် mpeict@gmail.com**

၅။ စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.energy.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စွမ်းအင်ဝန်ကြီးဌာန**

## စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ကြယ်စင်အိမ်ရာစီမံကိန်း (Star City)၊ တိုက်အမှတ် (C-4)၊ အခန်းအမှတ် (၂၂၀၄)၊ အခန်းအမျိုးအစား(Type-A) ဟုဖော်ပြပါရှိသော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်ဆွေဆွေတင် ၁၂/မရက(နိုင်)၀၅၉၃၆၉ မှ တရားဝင်ပိုင်ဆိုင်၍ ဒေါ်ဆွေဆွေတင်၏ သမီးတော်စပ်သူ ဒေါ်စန္ဒာ ၁၂/မရက(နိုင်)၀၆၉၃၀၉ ထံသို့ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒို တိုက်ခန်း၏ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်စွန့်လွှတ်၍ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြောငြာအပ်ပါသည်။ အထက်ဖော်ပြသော ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်ဆွေဆွေတင်နှင့် သက်ဆိုင်ခြင်းမရှိတော့ဘဲ ဒေါ်စန္ဒာတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ ရရှိသွားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့် (LL. B) အထက်တန်းရှေ့နေ (စဉ်-၅၀၆၀၆)**
**ဖုန်း- ၀၉ ၄၂၅၀၁၂၂၅**
**အမှတ် (၂၃၁)၊ ကမ်းနားလမ်း၊ မန်ကျည်းတန်းတောင် (အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမင်းအောင် ၉/ကပတ(နိုင်)၀၃၁၉၂၁ ၏ သားဖြစ်သူ မောင်ဝင်းမင်းသန့် ၉/ပဥလ(နိုင်)၀၅၂၄၂၂ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးမင်းအောင်**
**၉/ကပတ(နိုင်)၀၃၁၉၂၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ တနယ်ကျေးရွာနေ ဦးမိုးဝေ ၅/ပလန(နိုင်)၀၂၈၆၈၂ နှင့် ဒေါ်ပေါခင် ၅/ပလန(နိုင်)၁၄၁၀၈၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးမိုးဝေ-ဒေါ်ပေါခင်တို့၏ သမီးဖြစ်သူ မလပြည့်ဝန်း ၅/ပလန(နိုင်) ၁၄၁၀၄၁)သည် မိဘနှင့်အဒေါ်များ၏ ဆိုဆုံးမမှုကို နာခံခြင်း မရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း မလပြည့်ဝန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးဝေနှင့် ဒေါ်ပေါခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်း (LL.B)** | **ဒေါ်ဝင်းသူဇာ (LLB)** |
| **တရားလွှတ်တော်ရှေ့ နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၈၈၁၄)** | **(စဉ်-၁၁၂၇)** |
| **ရတနာပုံရပ်ကွက်၊ မုံရွာမြို့။** | **ကန်သာဦးရပ်ကွက်၊ မုံရွာမြို့။** |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/4774 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)၊**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2278 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3741 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/5128 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်(၁)၊ မြေကွက်အမှတ်(၁၄)၊ (၄၅×၆၀)ပေအကျယ် မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (၄၀×၄၅)ပေအကျယ်၊ (ဂရန်မူရင်းဘက်ခြမ်း)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးမြင့်ဆွေအမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဒေါ်ကြည်ကြည်သိန်း(၁၂/လသယ(နိုင်)၀၀၀၈၉၀)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေကလည်း ဝယ်ယူရန်အတွက် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
|---|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း | ဦးအောင်ဆွေဦး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) | (စဉ်-၅၅၀၄၁/၂၀၂၂) |

၀၉ - ၇၉၅၅၃၄၃၅၃ ၊ ၀၉ - ၇၅၀၃၉၈၄၀၆

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်( တောင်ပိုင်း )မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်( ၅၇ )၊ နီလာ( ၅ )လမ်း၊ မြေကွက်အမှတ်( ၁၄၁၉ )၊ အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ ပါမစ်မြေကွက်အနက်မှ( ခြေရင်းခြမ်း )၊ အကျယ်အဝန်း( ၂၀ပေ × ၆၀ပေ )ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဦးတင်ဝင်း(ခ)ဦးတင်စိန် ( ၁၂/လမတ(နိုင်) ၀၀၈၆၅၅ ) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကျင်သိန်း( ၁၂/ပဇတ(နိုင်) ၀၂၂၅၁၉ )က ဝယ်ယူရန်အတွက်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L,** | **LL.B, D.B.L, D.I.P.L,** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)** |

**Hein Htet San Law Firm** ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၇)ရပ်ကွက်၊ မြေကွက်အမှတ်(၃၃၁)၊ ဧရိယာ(အလျား၄၀ပေxအနံ၆၀ပေ)အကျယ်ရှိပါမစ်မြေ မြေကွက်ပေါ်ရှိ အမှတ်(၃၃၁) အောင်မင်္ဂလာ(၂)လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းအောင် ၁၂/သဃက(နိုင်)၀၁၆၂၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဖြူဖြူဖွေးက အပြီးအပိုင်ဝယ်ယူ ရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ရှိသူ မည်သူမဆိုဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဝင်း(LL.B)တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၇၇၀၇(၂၀-၁၂-၂၀၂၁)**
**အမှတ်-၃၈၊ နဝရတ်(၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၃၄၆၅၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး (မြောက်) ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၂၈၂/က)ပေါ်ရှိ (၁)ခန်းတည်း(၆) ထပ်တိုက်၊ တိုက် ခန်း(၆)ခန်းအဆောက်အအုံ၏ ပထမထပ်၊ (၂)လွှာရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ မြေရှင် ဒေါ်အေးအေးဝင်းနှင့်ကန်ထရိုက်တာ ဦးသက်နိုင်ဦးတို့ အကျိုးတူပူးပေါင်းတည်ဆောက်ထားသော ကန်ထရိုက်တာဘက်ခြမ်းမှ ရရှိသည့်တိုက်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုလာသူ ဒေါ်မြင့်မြင့်စိန် ၁၂/သဃက(နိုင်)၀၄၇၈၅၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်နှင်းဖြူ ၁၂/စခန (နိုင်)၀၁၅၂၄၃ က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြေငြာပါသည့်နေ့မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသောမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂- ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၀၅၁၆၀၄၃**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့နေ ဒေါ်ပေါက်ပေါက်၏ သမီးဖြစ်သူ မအိမ့်သူသူဟန် ၇/ပတန(နိုင်)၁၅၄၀၆၅သည် မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အမျိုးမျိုးစိတ်ဒုက္ခရောက်အောင် ဆောင်ရွက်ပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **မိခင်- ဒေါ်ပေါက်ပေါက်**
**၇/ပတန(နိုင်)၀၉၄၈၇၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချစ်စုထွေး ၅/ရဘန(နိုင်) ၂၅၈၄၀၁၈၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၈၂၅၀၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ထက်ဝင်း ၅/ဆလက(နိုင်)၁၁၈၉၅၆ ၏ နိုင်ငံကူး လက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၂၇၁၈၈၄၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်မိုး ၅/ဆလက (နိုင်)၀၈၉၇၇၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၂၂၇၁၈၈၄၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနွယ်နွယ်အောင် ၅/အရတ (နိုင်)၁၅၇၂၂၇ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၂၅၀၂၄**

## မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့၊ ကျောက်ဆည်အုပ်စု၊ ပုတီးကုန်းအလယ်ရွာနေ (ဘ) ဦးမြသိန်း ၏ သမီး မသင်းသင်းမြတ် ၉/ပဘန(နိုင်)၀၈၉၄၀၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁-၁၉၇၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ အုပ်စု (၂) နေ (ဘ)ဦးစံမောင် ၏ သမီး ဒေါ်မြမြသင်း ၂/လကန(နိုင်)၀၉၅၂၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၁၉၉၆ ဖြစ်ပါကြောင်း။

**ဒေါ်မြမြသင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ယင်းမာပင်မြို့နယ်၊ ဇီးတော(တ) ရွာနေ မလင်းလင်းဌေး ၅/ယမပ (နိုင်)၀၉၀၇၉၄ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၅-၅-၁၉၉၇ ဖြစ်ပြီး ၎င်း၏ မိခင် ဒေါ်စန်းအေးနှင့် ဒေါ်စန်းစန်းအေး ၅/ယမပ(နိုင်) ၀၅၂၈၉၇ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့
## စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ Swiss Challenge ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဲခံ့ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀-ခ)၊ ကွင်းသစ်ကွင်းအတွင်းရှိ မြေဧရိယာ (၁၂.၃) ဧက မြေနေရာပေါ်တွင် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေးစီမံကိန်း (Waste to Energy Project) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်း အဆိုပြုလွှာကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ပဲခူးတိုင်းဒေသကြီးအစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ ရေးဆွဲတင်ပြ ခဲ့ပါသည်။

၂။ ယင်းမြေဧရိယာ (၁၂.၃)ဧကပေါ်တွင်စွန့်ပစ်အမှိုက်မှလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေး စီမံကိန်း(Waste to Energy Project) အကောင်အထည်ဖော် နိုင်ရေးအတွက် မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ခေါ်ယူသွားမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** | - | ၂၉-၈-၂၀၂၂ ရက်(တနင်္လာနေ့) |
| (ခ) | **စီမံကိန်းအဆိုပြုလွှာ ပိတ်မည့်ရက်** | - | ၉-၉-၂၀၂၂ ရက် (သောကြာနေ့) |
| (ဂ) | **စီမံကိန်းအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** | - | ပဲခူးတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံး ပဲခူးမြို့၊ |
| (ဃ) | **စီမံကိန်းအဆိုပြုလွှာ ရောင်းဈေးနှုန်း** | - | ၅၀၀၀၀/- ကျပ် |

၃။ အသေးစိတ်အချက်အလက်များစုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ခြင်းများကို ပဲခူးတိုင်း ဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့၊ အင်ဂျင်နီယာဌာန၊ ဖုန်း- ၀၅၂-၂၂၂၂၈၇ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ် စုံစမ်းနိုင်ပါသည်။

**Swiss Challenge အဖွဲ့**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၃)လမ်း၊ အမှတ်(၁၁၅)နေ ဒေါ်ကျန်နု ၁၁/ကဖန(နိုင်)၀၄၅၆၁၃၏ ညွှန်ကြားချက်အရ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၃)လမ်း၊ အမှတ် (၁၁၅) ရှိ ဒေါ်တင်အေးအမည်ပေါက် ဂရန်မြေဖြစ်သော ပေ(၂၀x၆၀) မြေကွက်မှ ခေါင်းရင်းဘက်ခြမ်း မြေအကျယ်(၁၀' x ၆၀')ကို ဒေါ်ကျန်နုက လက်ရောက်ဝယ်ယူနေထိုင်သော မြေပေါ်၌ နှစ်ထပ်ခွဲ အာစီတိုက်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ(အဆောက်အအုံ)ဌာန၌ ဆောက်လုပ်ခွင့် လျှောက်ထားသွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်ထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်၍ကန့်ကွက်နိုင်ပါသည်။ ထိုသို့သတ်မှတ်ချိန်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆောက်လုပ်ခွင့်အား ဆက်လက်လျှောက်ထားသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၄၃/၂၀-၁၂-၂၁)**
**အမှတ်(၈၀)၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၃၄၂၀၂၅၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေယွန်းမှီ ၁၀/ဘလန (နိုင်)၁၁၃၀၁၃၄ ၏ လွှဲအပ်ညွှန်ကြားချက် အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ အရှေ့(၁၇) လမ်း၊ အမှတ်(၁၅၄၈/က)၊ အကျယ် (၂၀x၆၀)ပေရှိ မြေနှင့်နေအိမ်အား အမွေ ဆက်ခံခွင့်ဖြင့် ပိုင်ဆိုင်လာပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဒေါ်ကြည်ကြည်မာ ၁၂/သကတ(နိုင်)၀၉၅၀၄၃ နှင့် ဒေါ်တင်တင်ရီ ၁၂/သကတ(နိုင်)၀၉၅၀၄၇ တို့က ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေယွန်းမှီ ၁၀/ဘလန(နိုင်)၁၁၃၀၁၃၄ မှ အဆိုပါ မြေနှင့်နေအိမ်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်မည့်သူရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၁၄၀)**
**အမှတ်(၇၀၅)၊ မာန်ပြေ(၁)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၅၈၂၃၂၇၊ ၀၉ -၂၅၃၈၉၇၁၇၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7100 Mitsubishi Canter FE 63EE4 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထွန်း ၁၂/အလန(နိုင်) ၀၄၂၆၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

GOLDEN KEY COMPANY LIMITED သည် ဖော်ပြပါ **ကိုကိုလေး စွမ်းအားပြည့်ဓာတ်မြေဩဇာ**ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၅၆၇၃/၂၀၂၂) (ရက်စွဲ ၂၆–၇–၂၀၂၂) ဖြင့် မှတ်ပုံတင်သွင်းထား၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် **ကိုကိုလေးစွမ်းအားပြည့်ဓာတ်မြေဩဇာ** ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ချိရောင်းချသောလုပ်ငန်း၌ အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင် ထိုကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား ထုတ်လုပ်၊ ဖြန့်ချိရောင်းချသော ပလတ်စတစ်ဘူးအမျိုးမျိုး၊ ဂုံနီအိတ်၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်း ထုပ်ပိုးမည့် ပစ္စည်းအစရှိသည်တို့အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသားတံဆိပ် ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင် ထိုကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head, Internet, Email and website, Facebook၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ စတေကာ၊ အဝတ်အထည်အမျိုးမျိုး အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာသားဒီဇိုင်း၊ ပုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်းတို့ မပြုကြရန်နှင့် ထိုသို့ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇေယျာထွန်း (LL.B) (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၃၂)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၇၆၅၁၁၅၁၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/နောက်)ရပ်ကွက်၊ ဆရာစံလမ်း၊ တိုက်အမှတ်(၈၂)၊ အဆင့်မြင့်ခေတ်မီ Basement+၂ (၂၄)ထပ်ဟုခေါ်တွင်သည့် Royal Sayarsan (High Rise Building)Condominium အဆောက်အအုံရှိ ခုနစ်ထပ်၊ အခန်းအမှတ်(၀၇)၊ ဧရိယာ ၁၅၁၅–sqft ရှိ ရေမီးအစုံ တိုက်ခန်း၊ ခုနစ်ထပ်၊ အခန်းအမှတ် (၀၈)၊ ဧရိယာ (၁၄၇၆–sqft) ရှိ ရေမီးအစုံတိုက်ခန်း၊ ခြောက်ထပ်၊ အခန်းအမှတ် (၀၇)၊ ဧရိယာ ၁၅၀၁–sqft ရှိ ရေမီးအစုံတိုက်ခန်းနှင့် ခြောက်ထပ်၊ အခန်းအမှတ် (၀၈)၊ ဧရိယာ ၁၄၈၈–sqft ရှိ ရေမီးအစုံ တိုက်ခန်းအပါအဝင် တိုက်ခန်းလေးခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်(မြေပိုင်ရှင်)ထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးမြင့်ဆွေ ၁၂/ဗဟန(နိုင်)၀၈၂၁၈၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ၁၅–၁၁–၂၀၁၇ ရက်ကတည်းက တိုက်ခန်းလေးခန်း၏တန်ဖိုးငွေများကို အပြေအကျေပေးချေပြီး ကြိုတင်ဝယ်ယူခြင်းစနစ်ဖြင့် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းကျော်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၇၈)**
**အမှတ်–၂၆၊ ရန်ပြေလမ်း (၂၀)၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း –၀၉–၄၀၉၇၁၆၀၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၄၇+၂၂၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ရေပေါ်ကြီးကျေးရွာအုပ်စု၊ ဒေါင့်ကြီးကျေးရွာနေ ဦးမြင့်နောင် ၁၄/ပတန(နိုင်)၀၁၂၅၀၆မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာ(၃)လစာအတွက် လိုအပ်သော စက်သုံးဆီ ဒီဇယ်(ရိုးရိုး) ၃၀၀၀၀ ဂါလန်နှင့် ဓာတ်ဆီ (92 Ron) ၂၄၀၀၀ ဂါလန်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၅–၈ –၂၀၂၂ရက်မှ ၇–၉–၂၀၂၂ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** – စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** – ၈–၉–၂၀၂၂ ရက်၊ ၁၃:၀၀နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း–၀၆၇–၄၁၀၂၁၀၀၊ ၀၆၇–၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ အမှတ်(ပ–၂၀၂၆၄) နေ ဒေါ်ဆွေဆွေမြင့် (ဘ)ဦးအောင်သန်းမြင့် ၉/မနမ(နိုင်)၀၉၅၉၇၅ မှ ၁၈–၇–၂၀၂၂ ရက်တွင် နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ( VI ၃၀၃၇/၂၀၂၂) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၁)လမ်း၊ အမှတ်(၁၁၄)နေ ဒေါ်မေမီဝင်းထွန်း (ဘ) ဦးစိုးမြင့် ၁၄/ဟသတ(နိုင်)၂၆၇၁၉၁အား လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေမြင့် ၉/မနမ(နိုင်)၀၉၅၉၇၅**
**အမှတ်(ပ–၂၀၂၆၄)၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၂/၁၊ သရက်ကုန်း)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်အား ဒေါ်လုံးအမည်ဖြင့် ၃၀–၆–၂၀၂၂ ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်လုံးမှာ ၁၆–၉–၂၀၁၅ ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအောင်ဝင်းမှာ ၁၃–၁၁–၁၉၈၃ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီး ၎င်းတို့၏ သား/သမီးများဖြစ်ကြသော ဒေါ်ခင်နွဲ့၊ ဦးသန်းချို၊ ဦးစိန်ထွန်းရွှေ၊ ဒေါ်စန်းစန်းရီတို့ လေးဦး မွေးဖွားထွန်းကားခဲ့ပါသည်။ ၎င်းတို့ သား/သမီးလေးဦးအနက်မှ ဒေါ်ခင်နွဲ့မှာ အပျိုကြီး ဘဝဖြင့် ၃၀–၉–၂၀၂၁ ရက်တွင်ကွယ်လွန်သွားခဲ့ပြီး ကျန်သုံးဦးမှာ ၂၀–၁၂–၂၀၂၁ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် (၂၄၂/၂၀၂၁)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်စန်းစန်းရီမှ ဦးပိုင်(၄၂/က)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအပိုင်းကို ဦးသန်းချို၊ ဦးစိန်ထွန်းရွှေတို့နှစ်ဦးထံသို့ ၁၁–၁–၂၀၂၂ ရက်စွဲပါအိမ်ခြံမြေကွက်အပြီးအပိုင် စွန့်လွှတ်စာချုပ် မှတ်ပုံတင်အမှတ် (၈/၂၀၂၂)ဖြင့် အိမ်ခြံမြေကွက် အပြီးအပိုင်စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပြီးဖြစ်သဖြင့် ဦးသန်းချို၊ ဦးစိန်ထွန်းရွှေတို့(၂)ဦးအမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း၊ ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၃၇/၂၊ ဝက်ကုန်းအနောက်)၊ ဦးပိုင်အမှတ် (၁၂/၃က–၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၁ ဧကရှိမြေကွက်အား ဒေါ်ရွှယ်ဆန်းအမည်ဖြင့် ၃၀–၆–၂၀၂၀ ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ရွှယ်ဆန်းထံမှ ဦးပိုင်(၁၂/၃က–၈–ခ)၊ မြေဧရိယာ ၀ ဒသမ ၀၇၂ ဧကအပိုင်းကို ဒေါ်အိအိထိုက်က(၁၅.၃.၂၀၂၂) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၈၉/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်အိအိထိုက် အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ကလျာဏီ(၆)လမ်း၊ အမှတ် (၃၈၂၃၈၃) နေ ဒေါ်ဆင့်ဆင့်ထွန်း ၇/ပခန(နိုင်)၂၂၇၉၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆင့်ဆင့်ထွန်း ၏ တူဖြစ်သူ ဦးဇင်မင်းထက် (ဘ)ဦးဟန်စိုး ၇/ပခန (နိုင်)၄၄၇၁၅၁ သည် အဒေါ်ဖြစ်သူနှင့် အစ်မဖြစ်သူ/အစ်ကိုဖြစ်သူတို့အား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စများတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ၎င်းအားတူအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ဆင့်ဆင့်ထွန်း** | **ဒေါ်စိုးမိုးလွင်(တရားလွှတ်တော်ရှေ့နေ)** |
| **၇/ပခန(နိုင်)၂၂၇၉၈၇** | **စဉ်–၁၁၅၅၇** |
| **ကလျာဏီ(၆)လမ်း၊ ပဲခူးမြို့** | **ဖုန်း–၀၉–၄၅၈၀၂၅၉၈၇** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/70969 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်သက် ၉/မခန(နိုင်)၀၅၁၅၉၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/7007 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/7999 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/9725 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/4680 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/5127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/9162 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/39041 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ ၉/စကတ(နိုင်)၀၇၁၆၇၂မှ ကမ–၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/13634 Thai Anbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၉/မတမ(နိုင်)၀၄၁၃၃၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**သွေးသည် အသက်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၆x၁၀၇ လမ်းကြား၊ ၆၄x၆၅ လမ်းကြား၊ (ဏ–၆/၃၄)တွင် နေထိုင်သော ဒေါ်နန်းခမ်းဦး ၁၃/ကမန(နိုင်)၀၉၅၅၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာလိုက်ပါသည်–

**မှတ်ပုံတင်စာချုပ်အမှတ်–(၃၂၁၅/၂၀၂၀)(ရက်စွဲ–၁၈–၁၁–၂၀၂၀)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အမှတ်တံဆိပ် မှတ်ပုံတင်သွင်းကာ အဆီချ လက်ဖက်ခြောက် အမျိုးမျိုး၊ သဘာဝ လက်ဖက်ခြောက်အမျိုးမျိုးတို့အား မိမိကိုယ်တိုင်ဖန်တီးထုတ်လုပ်၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ မိမိမှ ထုတ်လုပ်ရောင်းချလျက်ရှိသော အဆီချလက်ဖက်ခြောက်များအား လက်လီ/လက်ကား ဝယ်ယူ၍ ကိုယ်စားလှယ်တော်များ၊ အရောင်းဆိုင်များ၊ Agent များ၊ အဝယ်တော်များ၊ အရောင်းသမားများမှ ဈေးကွက်အတွင်းဆိုင်များ၌ဖြစ်စေ၊ online မှဖြစ်စေ သုံးစွဲသူများထံပြန်လည်ရောင်းချရာတွင် မျှတသော ယှဉ်ပြိုင်မှု၊ သာတူညီမျှမှုရရှိစေရန်၊ ဈေးကွက်အတွင်း လွှမ်းမိုးနိုင်စွမ်းကို မတရားသဖြင့်အသုံးပြုခြင်းမှ ကာကွယ်တားဆီးရန်၊ သုံးစွဲသူများ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ရန်အတွက် ထုတ်ကုန်ပစ္စည်း၊ item တစ်ခုစီ တိုင်းအပေါ်တွင် ရောင်းဈေးများကို တရားဝင်သတ်မှတ်ပေးထားပြီးဖြစ်ကြောင်းကို သိရှိကြပြီးဖြစ်သလို သဘောတူညီလက်ခံပြီး ဖြစ်ကြပါသည်။

ဝင့်ဝါအမှတ်တံဆိပ်ပါ အဆီချလက်ဖက်ခြောက်၊ သဘာဝလက်ဖက်ခြောက်များကို ထုပ်ပိုးသည့် ဘူးတွင် စည်းတံဆိပ်များ၊ ထုတ်လုပ်သည့်အမှတ်စဉ်များကို ရိုက်နှိပ်/ဖိနှိပ်ထားပါသည်။ အဆိုပါဘူးခွံပေါ်တွင် စည်းတံဆိပ်များ၊ ထုတ်လုပ်သည့် အမှတ်စဉ်များကို ရိုက်နှိပ်၊ ဖိနှိပ်ရခြင်းမှာ ကိုယ်စားလှယ်များ၊ အဝယ်တော်များ၊ အရောင်းဆိုင်များ၊ agentများတွင် မည်သူကမည်သည့်ပစ္စည်းကို ရောင်းချကြောင်းသိရှိစေနိုင်ရန်အတွက် ပြုလုပ်ထားခြင်းဖြစ်ပါသည်။

ယခုအခါ ဝင့်ဝါအမှတ်တံဆိပ်ပါ ဘူးခွံပေါ်ရှိ စည်းတံဆိပ်များ၊ အမှတ်စဉ် များကို ဖျက်ပြီး ကျွန်ုပ်မိတ်ဆွေ သတ်မှတ်ထားသည့် ဈေးနှုန်းထက်လျှော့၍ ဈေးကွက်အတွင်းတွင် ရောင်းချနေကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ သတ်မှတ်ပေးထားသော ဈေးနှုန်းအတိုင်းသာ ရောင်းချကြရန်နှင့် ထိုသို့ အမှတ်စဉ်များ၊ စည်းတံဆိပ်များကိုဖျက်၍ သတ်မှတ်ဈေးနှုန်းအောက်လျှော့ချပြီး လက်လီ/လက်ကား ဈေးကွက်အတွင်း ရောင်းချနေမှုများအား မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။

ဈေးကွက်အတွင်းတွင် ဖော်ပြပါ အကြောင်းအရာများကို ပြုလုပ်၍ ဆက်လက်ရောင်းချနေမည်ဆိုပါက ထိုသို့ပြုလုပ်ရောင်းချသူ မည်သူကိုမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်စေမှု၊ နစ်နာဆုံးရှုံးစေမှု၊ ဈေးကွက်မတည်ငြိမ်အောင် ဖန်တီးမှုတို့ကြောင့် ဥပဒေနှင့်အညီ နစ်နာဆုံးရှုံးမှုကုန်ကျစရိတ်ကို တောင်းခံ၍ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဦး ၁၃/ကမန(နိုင်)၀၉၅၅၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မာနွယ်(LL.B,D.B.L,D.I.L,D.M.L) ဒေါ်စုထွေးလတ်(LL.B,LL.M,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၇၉) (အထက်တန်းရှေ့နေ၊ စဉ်–၅၂၈၉၆ )**
**The Solution Power Law Firm အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ ပြည်လမ်း၊**
**(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉–၅၀၉၈၉၄၂၊ ၀၉–၂၀၃၉၀၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်နီလာလမ်း၊ အကွက်အမှတ် (၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ် (၁/ဃ)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ ဦးစောမြင့်နိုင်အမည်ဖြင့် ၃(ခ) ဝန်ခံချက်လက်မှတ်ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်း ၁၂/မဂတ (နိုင်)၀၀၈၉၅၅ က ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိနေထိုင်လျက်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းရည်ကျော် ၁၂/သကတ(နိုင်)၁၁၄၂၃၄အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုသည့်ပစ္စည်းနှင့် ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၆၆၈)** | **အထက်တန်းရှေ့နေ (စဉ် – ၂၄၉၆၈)** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း–၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၀/ခ) တွင်ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်ရှိ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပါကြောင်း၊ အမှုအခင်းအရှုပ်အရှင်းကင်းရှင်းလျက် အခန်းလွတ်လက်ရောက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွန့်ညွန့်သိန်း ၁၂/တမန(နိုင်)၀၁၁၁၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းယုနွယ် (LL.B) အထက်တန်းရှေ့နေ (စဉ်–၂၄၃၈၂)**
**အမှတ်(၄၄၄)၊ F–3 ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၄၃၂၀၆၂၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၇) လမ်း၊ မြေကွက်အမှတ် (D – ၇၁) ဟုခေါ်တွင်သော အလျား x အနံ (၄၀x၆၀) ပေ အကျယ်ရှိ ဒေါ်လုံ အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်အေး ၁၂/သခန(နိုင်)၁၀၈၉၂၆ က ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိထား အကျိုးခံစားပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်အေးစန္ဒာ ၁၂/ကတတ(နိုင်)၀၂၇၃၀၉ အား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်၏ ငွေသွင်းပြေစာတွင် မြေကွက်အမည်ပေါက်သူ၏ မှတ်ပုံတင်အမှတ်မှာ ၁၂/သလန(နိုင်)၀၂၉၀၈၉ ဟု ဖော်ပြပါရှိသော်လည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းမှတ်သားမှုတွင် မြေကွက်အမည်ပေါက်သူ၏ မှတ်ပုံတင်အမှတ်မှာ ၁၂/သလန(နိုင်)၀၂၉၆၈၉ ဟု ဖော်ပြထားရာ ယင်းမှတ်ပုံတင်အမှတ် ကွဲလွဲချက်လည်း ရှိနေသဖြင့် အဆိုပါ အရောင်းအဝယ်ပြုသည့် ပစ္စည်းနှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၆၈)** | **အထက်တန်းရှေ့နေ (စဉ် – ၂၄၉၆၈)** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း–၀၉–၄၂၀၃၀၀၂၆၂**

## ဦးထွန်းအောင်ချို
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အိမ်အမှတ်(၉၇)နေ (ဦးခင်မောင်ချို)၊ ဒေါ်ခင်မမ တို့၏သား၊ ဦးကြည်ဇော်မင်း-ဒေါ်ခင်ခင်ချိုတို့၏မောင်၊ ဒေါ်မြတ်မြတ်ချို၏အစ်ကို၊ မဆုဆုရတီ၏ ဦးလေး ဦးထွန်းအောင်ချိုသည် ၂၄-၈-၂၀၂၂ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၂၂ရက်(အင်္ဂါနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဦးသန်းရွှေ ၁၁/ပဏတ(နိုင်) ၀၀၁၃၉၈ ၏သမီး မအေးရွှေဝင်းနှင့် မအေးချမ်းမိုး ၁၁/ကတန(နိုင်) ၁၇၃၀၆၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက (ကန်လှ) Grade-11မှ မောင်ဖြိုးဝေစိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဇော်ဝင်း ၈/တတက (နိုင်)၁၁၉၃၉၃ ဖြစ်ပါကြောင်း။

**ဦးနိုင်ဇော်ဝင်း**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၆၄/က)၊ မြေဧရိယာ (၀ဒသမ ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်အေးနွမ်း ၁၃/လရန (နိုင်)၀၂၅၀၉၉မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း-၃၊ ရွာကောက်ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၁၇၆၇၊ အကျယ်အဝန်း (၆၀x၄၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကိုကိုလေး ၉/သစန(နိုင်)၀၀၄၈၂၄ ထံမှ ကျွန်တော် ဦးအောင်ရဲသွေး ၁၂/မဂဒ (နိုင်)၁၁၅၅၂၄က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ရဲသွေး**
**ဖုန်း-၀၉-၆၈၁၈၃၃၃၃၃**

## ဦးစိုးသိန်း
### Chief Engineer, IXORA-A Shipping Co.,Ltd
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ(ဦးသိန်းတန်)-ဒေါ်ခင်ရှိန်တို့၏သား၊ တောင်ကြီးမြို့နေ ဦးတင်ဦး-ဒေါ်ကျင်မြတို့၏ သားသမက်၊ ဦးမြတ် ကိုကို-ဒေါ်ဝင်နီသိန်း၊ ဦးရှမ်းဝင်း-ဒေါ်နန်းသီတာလွင်တို့၏မောင်/ညီ၊ ဦးမျိုးရှိန်၊ ဦးမိုးကျော် ခမ်း-ဒေါ်စုစုခင်၊ ဒေါ်စီစီခင်၊ ဒေါ်တိုးတိုးခင်၊ ဦးဝင်းတင့်အောင်-ဒေါ်အေး အေးဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ (မြင်သာ) နံ့သာဖြူလမ်း၊ အမှတ်(၁၄၁/၁)နေ ဒေါ်သီသီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ နော်သိမ့်သော်တာစိုး၊ စောဇေလတ်နိုင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၃-၈-၂၀၂၂ရက် မြန်မာစံတော်ချိန် ည ၁၀:၁၀နာရီ တွင် Gambia နိုင်ငံ၊ Banjul မြို့ ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ သင်္ဂြိုဟ်မည့်ရက်အားထပ်မံ ကြေညာပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၀၆၂/က)၊ ဦးကျင်ဖုပ်(W/RGN-၀၀၀၃၅၃)၁၂/ဒဂတ (နိုင်)၀၂၆၃၂၇ အမည်ပေါက် အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက် အမှတ် ၁၀၆၂/က၊ အေးရိပ်မြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးမွှန် ၁၂/သကတ(နိုင်)၁၅၀၉၂၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မေသူလှိုင်** | **ဒေါ်ယဉ်ယဉ်သူ(LL.B)** |
| **၁၂/ဥကတ(နိုင်) ၁၆၂၈၂၆** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** |
| | **ဒေါ်တင်ဇာအေးကို(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁** |

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ စက်မှုဇုန်နယ်မြေ၊ ရွှေမြို့တော် ၂လမ်းနှင့် ၁၄လမ်းထောင့်ရှိ မြေကွက်အမှတ် ၁၃၄၊ ၁၃၆၊ ပေ(၁၀၀ X၁၀၀) ပတ်လည်ရှိ မြေကွက်(၂)ကွက်သည် ဒေါ်တင်စိန် အမည်ဖြင့် မြေပေးမိန့်ရရှိထားပြီး ၎င်းပိုင်ဆိုင်မှုမြေကွက်၏ အထောက်အထားများသည် ပျောက်ပျက်သွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန်မော်လမြိုင်မြို့၊ ဈေးကြိုရပ်နေ ဒေါ်တင်စိန်မှ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ၊ မြေခွန်ပြေစာမိတ္တူများ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ဒေါ်သန်းကြည်(ခ)ဒေါ်ယုယုနွယ်
### မူလတန်းပြ(ငြိမ်း)
### ထားဝယ်မြို့
### အသက်(၈၆)နှစ်

ထားဝယ်မြို့နေ (ဦးဉာဏ်လှိုင်-ဒေါ်သိန်းတင်) တို့၏သမီးကြီး၊ (ဒေါက်တာ နေလင်း)-ဒေါ်သန်းရီ၊ (ဦးလှရွှေ)-ဒေါ်သန်းမြင့်၊ ဦးအောင်ခိုင်-ဒေါ်ငြိမ်းပိုတို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်သန်းကြည် (ခ)ဒေါ်ယုယုနွယ်သည် ၂၄-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၂၂ရက်(အင်္ဂါနေ့) တွင် ထားဝယ်မြို့၊ ဆန်းချီရပ်၊ ကံကော်လမ်း၊ ပင်လုံအိမ်ရာ၊ တိုက်(အေ)၊ အခန်း (၁၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အေးလွင်(ခ)တန်ရှု့ဝှါ
### အသက်(၈၄)နှစ်

ဖြူးမြို့(၁၁၅)မိုင်၊ ဒေါ်မိုးလယ်တော၊ ပိုင်အိုးနီးယားနေ ဦးသန်းဝင်း(ခ) ကျိုကင့်လျှောင်း၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးမျိုးအောင်ဇင်၊ ဖြူးမြို့(၁၁၅) မိုင်၊ ပိုင်အိုးနီးယားနေ ဦးဇော်လှမြင့်-ဒေါ်သင်းဝေမိုးတို့၏ မိခင်ကြီး၊ မသင်းသီရိဇော်၊ မသင်းကေရီဇော်တို့၏ အဘွား ဒေါ်ခင်အေးလွင်(ခ) တန်ရှု့ဝှါသည် ၂၃-၈-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၂၂ရက် (စနေနေ့)နံနက် ၆နာရီတွင် ဖြူးမြို့(၁၁၅)မိုင်၊ ဒေါ်မိုးလယ်တော၊ ပိုင်အိုးနီးယား၌ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှမြင့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၂၃/စီ)နေ (ဦးခွေးကြီး-ဒေါ်မြခင်)တို့၏သမီး၊ (ဦးသင်-ဒေါ်ကြည်)တို့၏ချွေးမ၊ (ဦးဝင်းကြည်)၏ဇနီး၊ ဒေါ်အေးအေးမော်(မြန်မာ့အာမခံ)၊ ဦးတင့်လွင်-ဒေါ်သီတာချစ်၊ ဒေါ်လဲ့လဲ့ဝင်း(မြန်မာ့အာမခံ)၊ ဦးမျိုးမောင်မောင်ထွန်း (မြန်မာ့အာမခံ)တို့၏မွေးသမိခင် ဒေါ်လှမြင့်သည် ၂၄-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီ တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၂၄၀-က)၊ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိသော ဦးအေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ် အမှတ်(၂၄၀-က)၊ မိဂသီ(၁၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်နှင့် ယင်းနေအိမ်နှင့်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးအေးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်တို့အသီးသီးကွယ်လွန်သွားခဲ့သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသည့် ဦးခင်အေး ၁၂/ဒဂတ(နိုင်)၀၂၁၃၆၂၊ ဒေါ်သန်းသန်းအေး ၁၂/မဂဒ(နိုင်)၀၅၉၁၇၀၊ ဒေါ်ခင်နန်းထွေး ၁၂/ဥကတ(နိုင်)၁၁၈၂၂၃၊ ဒေါ်အေးကျင် ၁၂/ဥကမ(နိုင်)၀၄၇၄၄၄၊ ဦးတင်အုန်း ၁၂/ဥကတ(နိုင်)၁၃၉၂၁၉၊ ဒေါ်သန်းသန်းစိုး ၁၂/ ဥကတ(နိုင်)၀၈၅၅၆၁(ချွေးမ)၊ ဒေါ်ဇာခြည်မြင့် (မြေး) ၁၂/ဥကတ(နိုင်) ၁၈၂၁၉၁ တို့က မိဘနှင့်ယောက္ခမအဘိုးအဘွားများကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေဆက်ခံခွင့်ဥပဒေတို့အရ မိမိတို့ကသာ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့် တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လွင်လွင်ခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်တင့်လွင်(LL.B,D.B.L)** | **ဒေါ်ဟန်သီတိုး(LL.B,D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၄၃၄၅)** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၆၂၇)၊(၁၁)လမ်း၊(၇)ရပ်ကွက်၊** | **(စဉ်-၁၁၉၁၇)** | **(စဉ်-၅၀၅၃၂)** |
| **တောင်ဥက္ကလာပမြို့နယ်၊** | | **ဖုန်း-၀၉-၄၂၇၂၈၉၈၄၉** |
| **ရန်ကုန်တိုင်းဒေသကြီး** | | |

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးအောင်(ခ)ဦးမျိုးမြင့် (ပြည်)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၂၅၉/၂၆၁နေ Shwe Taung Building Materials Business Sector, Shwe Taung Cement Co.,Ltd မှ Chief Operating Officer ဦးကျော်နိုင်စိုး ၏ချစ်လှစွာသော ဖခင်ဦးမျိုးအောင်(ခ) ဦးမျိုးမြင့်သည် ၂၂-၈-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၂:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**CEO,COO(STBM,HTC,HTP)နှင့် ဝန်ထမ်းများ**
**Shwe Taung Building Materials Business Sector**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## DOLLY WARMINGTON@ ဒေါ်နုနုရီ
### အသက်(၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြို့ပတ်လမ်းနေ Mr.R.W. Warmington & Mrs. Betty Warmington တို့၏ ချစ်လှစွာသော သမီးကြီး၊ အိမ်အမှတ် ဆ ၁၀/၂၅၊၇၁လမ်း၊ ၁၀၉နှင့် ၁၁၀ ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ (ဦးရွှေလှဘော်)ရေဆင်းစိုက်ပျိုးရေး လ/ထ မန်နေဂျာ၏ ချစ်လှစွာသောဇနီး၊ ဒေါ်နွယ်နီလှိုင်-ဦးခွန်နောင်စိုး၊ ဦးဇော်မင်းလတ်-ဒေါ်ခင်မို့စံတို့၏ ချစ်လှစွာသောမိခင်၊ မောင်အံ့ဘုန်းမြတ်သော်@Daniel ၏ အဘွား၊ U.S.A Illinois ပြည်နယ်နေ (Dr.C. Khai Ming)-Jessie Ming,(Jeffery Warmington @ ဆန်နီ)-(မကြူ)၊ (Alfred Warmington @ အံ့ကူ)-(မချိုချိုဝင်း)တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၁၈-၈-၂၀၂၂ရက်တွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်/အမည်(၄၄/ရွှေတောင်)၊ ဦးပိုင်အမှတ်(၁၄၃က)၊ မြေဧရိယာ(၀ဒသမ ၀၁၉)ကေရှိ မြေသည် ခရိုင်ရုံးအမှုတွဲအမှတ်(V)၁၀၇/၁၉၉၁-၁၉၉၂ အရ ဒေါ်ခတီဇာဘီ(ခ)မတီအမည်ဖြင့် ဦးပိုင်ပေါက်ပြီး ဂရန်သက်တမ်းမှာ (၁၂-၇-၂၀၀၆)ရက်တွင် ကုန်ဆုံးနေပြီးဖြစ်ပါသည်။ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခတီဇာဘီ(ခ)မတီမှ သမီးဖြစ်သူ ဒေါ်ခင်ခင်ထွေးအား မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၆/၁၉၉၇)အရ တရားဝင်မေတ္တာဖြင့် ပေးကမ်းခဲ့သဖြင့် ဒေါ်ခင်ခင်ထွေးမှ ပိုင်ဆိုင်လာပြီး၎င်းအမည်ဖြင့်နှစ်ရှည်မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်းချထားပေးပါရန် လျှောက်ထားလာမှုအပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မောင်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/58337,Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Ncx Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/45499, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၁၄/ကကန(နိုင်)၀၉၃၉၄၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/3122, Bajaj 200 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၄/ပသန(နိုင်)၁၈၂၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/82987, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုသီရိပိုင် ၇/ပခန(နိုင်)၂၅၉၈၉၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၉၃၈၀, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ရီ ၆/လလန(နိုင်)၀၇၉၄၆၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က+ခ ၊ ၃၃/က+ခ (မေခအိမ်ရာ)၊ မြေကွက်အမှတ်(၉၆)၊ အကျယ်အဝန်း(၀.၀၃၁-ဧက) ရှိ ဦးစိုးစိုးဦး အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂)၊ မေခလမ်း ၊ မေခအိမ်ရာ၊ (ဆ/ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်အမှတ် (၁၈၆၇/၂၀၂၁)ဖြင့် ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သည့် (၁)ဒေါ်စန္ဒာအေးဝင်း ၊ (၂)ဒေါ်ဝတ်မှုံဦး ၊ (၃)မောင်အောင်ကောင်းဆက်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းဟန်ဦး (၁၄/ဟသတ (နိုင်)၁၉၈၄၆၂) ကဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၁၄ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L, | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

**Hein Htet San Law Firm ဖုန်း:- 095504265 , 09450017136 , 09428020369**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀၇၊ မြေကွက်အမှတ်-၁၅၆၅/ခ၊ လှော်ကားလမ်း၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးငွေစိုးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်စောတင် (၁၂/သကတ(နိုင်)၀၂၇၂၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သမိုင်းကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုလောမြို့နယ်၊ တောင်ယာကမ်းကျေးရွာအုပ်စု၊ စစ်ပြင်ကြီးကျေးရွာနေ ဦးစိုးတင့်(ခ) ဦးစိုးလင်း ၆/ပလန(နိုင်)၀၀၈၉၂၅ နှင့် ဒေါ်ခင်ဝေတို့၏သမီး မပန်းခက်နွယ်(ခ)မပန်းပန်း ၆/ပလန(နိုင်)၁၀၁၈၂၈ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့်မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ဦးစိုးတင့်(ခ) ဦးစိုးလင်း-ဒေါ်ခင်ဝေ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ မြို့သစ်တံတားဦးရပ်၊ မြဝတ်ရည် ၂လမ်းနေ ဦးမောင်အေး ၆/မအရ(နိုင်)၀၄၂၃၆၁-ဒေါ်ရွှေတင် ၆/မအရ (နိုင်)၀၄၂၃၅၇ တို့၏သားဖြစ်သူ မောင်မျိုးမင်းအေး ၆/မအရ(နိုင်)၀၉၃၂၀၆သည် မိဘများ၏ဆိုဆုံးမမှုအားနာယူခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါ၍ ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘများ**
**ဦးမောင်အေး-ဒေါ်ရွှေတင်**

**ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီ ကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အသားနှင့် နို့ထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရန် Unit Plan ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတိုးနွားနှင့် နို့စားနွား ပိုမိုမွေးမြူထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ တိုးချဲ့မွေးမြူနိုင်မည့် Unit Plan စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ (အောက်ပုံ)

နေ့စဉ်အသားစားသုံးနိုင်ရန် တစ်ရက် နွားအကောင်ရေ ၃၀၀ ခန့်ကို ဆင်မလိုက်နှင့် ရွာသာကြီးမှ ထုတ်လုပ်လျက်ရှိပြီး ပြည်ပပို့ကုန်နှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ သောက်သုံးနိုင်ရန် အင်းစိန်နှင့် တာမွေဈေးကွက်တို့မှ နွားနို့များကို ဖြန့်ချိလျက်ရှိသည်။ ကျွဲ၊ နွားမွေးမြူမှုနှင့် ထုတ်လုပ်မှု

စာမျက်နှာ ၂၁ ကော်လံ ၁ ❍





ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို GFA ဂိုးသမားနှင့် နောက်ခံလူတို့ ကာကွယ်စဉ်။ ဓာတ်ပုံ – MNL

# MNL အမှတ်ပေးပြိုင်ပွဲ GFA ကို အနိုင်ယူပြီး ရန်ကုန်ယူနိုက်တက် ဒုတိယနေရာတွင် ရပ်တည်

ရန်ကုန် ဩဂုတ် ၂၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) စတုတ္ထနေ့အဖြစ် ရန်ကုန်အသင်းနှင့် GFA အသင်းတို့ ဩဂုတ် ၂၄ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယာယီနည်းပြချုပ် ဦးကျော်ဒွန်း ပထမဆုံးကိုင်တွယ်သည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရပြီး အမှတ်ပေးဇယား ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် အသစ်ခေါ်ယူထားသည့်

စာမျက်နှာ ၁၄ ကော်လံ ၁ ❑

## ယနေ့ သတင်းအညွှန်း

**တရားမဝင်သယ်ဆောင်လာသော မီးသွေးအိတ် ၂၇၁ အိတ် သစ်တောဥပဒေနှင့်အညီ အရေးယူ**

ပြည်တွင်းသတင်း စာ ၁၂

**အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ ကျော်အထိ ရှိလာ**

နိုင်ငံတကာသတင်း စာ ၁၃




**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ခေါ်ယူခြင်း**

ပြည်တွင်းသတင်း စာ ၁၄

**ဩဂုတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ ၁၅